မြန်မာ့အလင်း

၁၂၈၉ ခုနှစ်ကတည်ထောင်သည်။
Established 1914
၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၂၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်က ရင်းနှီးတည်ဆောက်ပေးထားသည့် အခြေခံကောင်းများကို ထိရောက်စွာအသုံးချ စစ်ကိုင်းတိုင်း၏ လူမှုစီးပွားရေး တစ်နှစ်ထက်တစ်နှစ် တိုးတက်နေအောင် ကြိုးစားအားထုတ်

နိုင်ငံတော်နှင့် ဒေသအကျိုးပြုမည့် အသိပညာ၊ အတတ်ပညာရှင် အင်ဂျင်နီယာများနှင့် ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်မည့် ပညာတတ်များ မွေးထုတ်နိုင်အောင် ကြိုးစား

နေပြည်တော် ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်း ကလေးမြို့၌ တည်ဆောက်ပြီးစီးသွားသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(ကလေး) သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် တပ်မတော်အရာရှိကြီးများ၊

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နည်းပညာတက္ကသိုလ်(ကလေး) သုံးထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နည်းပညာတက္ကသိုလ်(ကလေး) သုံးထပ်ကျောင်းဆောင်သစ်ကို မီးရောင်စုံအလှများဖြင့် တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်)

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး စေတနာ၊ သဒ္ဓါထက်သန်စွာဖြင့် ပူးပေါင်းဆောင်ရွက်ပေး

နိုင်ငံတော်က ကျေးလက်ဒေသပြည်သူများ၏ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်စေရန် အခြေခံအဆောက်အအုံများကို တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများနှင့် မြစ်ကူးချောင်းကူးတံတားများကို တည်ဆောက်ပေးလျက်ရှိသည်။

စံပြကျေးရွာများတွင် ကျောင်းဆောင်သစ်၊ စာကြည့်တိုက်၊ ကတ္တရာလမ်းသစ်များ၊ ကျေးရွာတွဲဖက်အခြေခံပညာ အထက်တန်းကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်မီးလင်းရေးလျှပ်စစ်ဓာတ်အားပေးရုံတို့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ပြဆိုနေသည်။

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ကျေးလက်စံပြကျေးရွာတိုက်နယ်ဆေးရုံ ဓာတ်မှန်ဆောင် ပန္နက်တင်မင်္ဂလာနှင့် အခြေခံပညာ အထက်တန်းကျောင်းဆောင်သစ် ဖွင့်ပွဲတို့ကို ဇန်နဝါရီလ ၂၇ ရက်နေ့က ကျင်းပခဲ့သည်။ ကျေးရွာတိုက်နယ်ဆေးရုံ ဓာတ်မှန်ဆောင်အတွက် အလှူငွေများ၊ ဆားလင်းကြီးမြို့နယ်၊ ပုလဲမြို့နယ်၊ ယင်းမာပင်မြို့နယ်နှင့် ကနီမြို့နယ်တို့၏ ပြည်သူ့အကျိုးပြု လုပ်ငန်းများဆောင်ရွက်ရန်အတွက် အလှူငွေများ လှူဒါန်းခဲ့ကြသည်။

လူငယ်များအား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးပြီး အသိဉာဏ်ဗဟုသုတ ပြည့်စုံလာစေရေး နိုင်ငံတော်က ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ကျေးရွာများ၌ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးအတွက် မိဘများက အလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်နှင့်အတူ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင် များ၏ စေတနာ၊ သဒ္ဓါထက်သန်စွာ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၅-၂-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်**
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	မြန်မာသံစဉ်ချိုနှားဝင်
၅း၁၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၃၃)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	မွေးမြူသုတ
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (ဒုတိယတွဲ) (အပိုင်း-၂၉)

သီတဂူ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု ဗိမာန်တော်နှင့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဓမ္မလေ့လာသင်ကြားရေး ဗိမာန်တော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

သီတဂူအပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာပြုဗိမာန်တော်နှင့် ပုဂံမြို့အပြည်ပြည်ဆိုင်ရာဗုဒ္ဓဓမ္မလေ့လာသင်ကြားရေး ဗိမာန်တော်တို့အတွက် အလှူရှင်များ၏ အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ၃၃ ရပ်ကွက် ပင်လုံလမ်းရှိ သီတဂူအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုဗိမာန်တော်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ပုဂံမြို့အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဓမ္မလေ့လာသင်ကြားရေး ဗိမာန်တော်အတွက် မုံရွာမြို့ ရွှေဒေါင်းယဉ် သက်န်းတိုက်ပိုင်ရှင် ဦးထွန်းလှ-ဒေါ်ခင်ပု သားသမီးတစ်စု **(အပေါ်ပုံ)** က ငွေကျပ်သိန်းငါးရာနှင့်ရန်ကုန်တိုင်း ဗဟန်းမြို့နယ်နေ သီတဂူဒေါက်တာကျော်ခိုင်-သုဓမ္မသီဂီသီတဂူဒေါ်စိန်ထွေးမိသားစုက ငွေကျပ်သိန်းတစ်ရာ၊ သီတဂူအပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာပြုဗိမာန်တော်အတွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်နေ သီတဂူဒေါက်တာ ကျော်ခိုင်- သုဓမ္မသီဂီ သီတဂူဒေါ်စိန် ထွေးမိသားစုက ငွေကျပ်သိန်း တစ်ထောင်၊ ရန်ကုန်မြို့ သီရိမင်္ဂလာဈေးမှ သီတဂူ အထောက်အကူပြုအဖွဲ့ ဈေးသူဈေးသားများက ငွေကျပ်သိန်း တစ်ရာ့ငါးဆယ်နှင့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်နေ ဦးမြကျော်-ဒေါ်စုစုဌေးမိသားစုတို့က ငွေကျပ် ခြောက်ဆယ့်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ သီတဂူသာသနာပြုအဖွဲ့ ကိုယ်စား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က လက်ခံသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ၁၂ရပ်ကွက် မာဃလမ်းနေ မိခင်ကြီး ဒေါ်အေးမင်း(အုန်းနဲ)အား ရည်စူး၍ သမီးဒေါက်တာ ခင်ဝင်းသက် မိသားစုက ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသက်ကြီးပူဇော်ပွဲ၊ ဘွဲ့ထူးဂုဏ်ထူးရပုဂ္ဂိုလ်များအား ချီးကျူးဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ပညာရေးထောက်ပံ့မှုငွေ ပေးအပ်ပွဲနှင့် ငွေပဒေသာပင်စိုက်ထူပွဲများကို ဖေဖော်ဝါရီ ၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီးဓမ္မာရုံ၌ ကျင်းပမည်ဖြစ် သည်။

အသက် ၇၅နှစ်ပြည့်ပြီး ကန်တော့ခံသက်ကြီး အသင်းဝင်ပုဂ္ဂိုလ်များ၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ ရန်ကုန်မြို့မှ အသင်းဝင်များ၏ သားသမီးများ၊ ဒိုက်ဦးမြို့နယ်မှ အမှတ်အများ ဆုံးရသူသုံးဦး၊ ဆရာဦးပု၊ ဆရာဦးချစ်ဆွေ၊ ဆရာမဒေါ်အေးကြည်တို့၏ ပညာသင်ထောက်ပံ့ကြေးဆုရရှိသူ အတည်ပြုထားသော ဒိုက်ဦးအထကမှ အောင်မြင်သည့် ကျောင်းသားကျောင်းသူများနှင့် နာယက ဦးဘစော-ဒေါ်ခင်ခင်ဦးနှင့်အမှုဆောင်များ၏ထောက်ပံ့ကြေးရရန် အတည်ပြု ထားသော တစ်မြို့နယ်လုံးမှ ကျောင်းသားကျောင်းသူ သုံးဦးတို့၏ စာရင်းကို ဖေဖော်ဝါရီ၁၀ရက် နောက်ဆုံးထား၍ နာယက ဦးမောင်မောင်ဌေး ဖုန်း-၃၇၉၃၇၈၊ ဗိုလ်မှူးဘဝင်း (ငြိမ်း) ဥက္ကဋ္ဌ ဖုန်း-၅၆၅၄၂၁၊ ၀၉-၈၀-၂၃၅၀၀၊ ဦးကျော်ဝင်း ဒုတိယ ဥက္ကဋ္ဌဖုန်း-၂၀၁၁၄၂၊ ဒေါ်တင်တင်အုန်း ဒုတိယဥက္ကဋ္ဌ ဖုန်း-၃၈၆၆၁၂နှင့် အတွင်းရေးမှူး ဦးတင်နု ဖုန်း-၅၈၄၂၆၆ တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

လားရှိုးတက္ကသိုလ် အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

လားရှိုးတက္ကသိုလ် နှစ်(၃၀)ပြည့် အထိမ်းအမှတ်အဖြစ် ၁၉၇၈ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၆ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူများ၊ မျိုးဆက်သစ် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဒေါ်ဥဥမြင့်(ပါမောက္ခ၊သင်္ချာဌာန)ဖုန်း-၀၉-၅၂-၆၁၇၈၅၊ ဦးဌေးအောင်(ရွှေဆိုင်၊ မြို့မဈေး) ဖုန်း-၀၉-၅၂-၆၁၉၉၃၊ ဦးဆန်းဦး (လားရှိုး ညွှန့်ပုံနှိပ်တိုက်)ဖုန်း-၀၈၂-၂၃၄၄၁၊ ဦးလေးအောင်(မင်းမင်းစတိုး၊ ရပ်ကွက်၃) ဖုန်း-၀၉-၅၂-၆၁၈၄၅၊ ဦးမျိုးမြင့်(စက်မှု-၁)ဖုန်း-၀၉-၅၂-၃၂၄၇၂၊ ဦးမျိုးမင်းဇော် ဖုန်း-၀၉-၅၂- ၆၀၉၀၉၊ ဦးနော်ခမ်းလိုင် (ကောင်းဟွာပုံနှိပ်တိုက်) ဖုန်း-၀၈၂-၂၃၇၁၈နှင့် ဦးမောင်မောင်(အထည်ဆိုင်၊ မြို့မဈေး)ဖုန်း-၀၉-၅၂-၆၀၈၃၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝိဇာတမင်္ဂလာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ခေမာသီဝံကျောင်း ဘဒ္ဒန္တ ကောသလ္လာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ဆရာတော်အား ၂၀၀၈ ခုနှစ် မတ် ၁ ရက် နံနက်တွင် ယင်းကျောင်း၌ ရဟန်းဒါယကာ ဒါယိကာမများ၊ ဆွေတော်မျိုးတော်များ၊ ခေမာသီဝံ အနွယ်တော်များနှင့် ထူးကြီးအသင်းသူ အသင်းသားများ စုပေါင်းလျက် ဝိဇာတအလှူတော်မင်္ဂလာနှင့် စာချထေရ်မွန်ပူဇော်ပွဲတို့ဖြင့် ဆင်ယင်ပူဇော်မည်ဖြစ်သည်။

ဆက်သွယ်ပူဇော်နိုင်

ပူဇော်လိုသူများသည် ဦးဇော်ဋ္ဌေး ဖုန်း-၂၀၀၃၆၀ (ထူးကြီးအသင်း အတွင်းရေးမှူး) နှင့် ခေမာဝံကျောင်း မွေးနေ့တော်ကော်မတီတို့သို့ ဆက်သွယ်ပူဇော်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ငြိုးမဖွဲ့ သူ ရန်ငြိမ်း၏

ဤသူသည် ငါ့ကိုဆဲ၏၊ ငါ့ကိုညှဉ်းပန်း၏၊ ငါ့ကိုနိုင်၏၊ ငါ၏ဥစ္စာကို ခိုး၏ဟူ၍ စိတ်၌ အမျက်မထား။ ရန်ငြိုးမဖွဲ့ကြသော သူတို့မှာ ရန်သည် အမြဲတမ်းငြိမ်းအေး၍ ကောင်းကျိုးသုခကို ခံစားကြရ၏။ ကောင်းသောမိတ်ဆွေများကို ရကြကုန်လေ၏။

(ဓမ္မပဒ ၄)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင် အဖွဲ့ဝင် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

တက်ရောက်

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

ယင်းအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဒေါက်တာသောင်းမြင့်က ဆောင်ရွက်သည်။

ရှင်းလင်းတင်ပြ

ရှေ့ဦးစွာ သဘာပတိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေး ကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး မူကြမ်းရေးဆွဲရေးအဖွဲ့ ခေါင်းဆောင်များနှင့် ဒုတိယခေါင်းဆောင်များက မိမိတို့အဖွဲ့အလိုက် ဆောင်ရွက်ပြီးစီးသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက ရေးဆွဲတင်ပြသော အခြေခံဥပဒေမူကြမ်းများအပေါ် အသေးစိတ်ဆွေးနွေးအကြံပြု တင်ပြကြသည်။

ထို့နောက် သဘာပတိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေး ကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ခင်မောင်ညွှန့် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွှန့် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ စိုးရင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင် ဦးသာလှ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ တင်မေထွန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြတ်သန္တာ မဟာစည်ရိပ်သာ တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

လှည်းကူးမြို့နယ် ကျွန်းကလေး မြတ်သန္တာမဟာစည်ရိပ်သာ၌ ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၂ ရက်အထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားများကို အခြေခံမှစ၍ သိရှိနားလည်နိုင်ရန် အရှင်သိရိန္ဒ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)က ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ရိပ်သာဖုန်း-၇၀၇၄၉၇၊ ၀၉-၅၁၇၆၅၇၃၊ ၀၉- ၅၁၇၆၅၇၅ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ၂ ရက်က အမက(၁၉) လှိုင်၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်အဆင့် ဘက်စုံထူးချွန် ပထမဆုရ စတုတ္ထတန်းမှ မဖြူစင်သန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူစင်က ဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်
(အဖိတ်နေ့)
၅-၂-၂၀၀၈ ရက်
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၀ ၈။ ယာကြီးရေထိန်းတမံ
- ၈:၁၅ ၉။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Let's Go
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားရေးပညာ)
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၇:၀၀ ၅။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၁၅ ၆။ ဆိုကြမယ် ပျော်ကြမယ်
- ၁၇:၅၀ ၇။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၅၅ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေ ချစ်သက်တည်** (အပိုင်း-၂၁)
- ၁၉:၄၀ ၁၁။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု) [ကချင်ပြည်နယ်]
- ၂၀:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျဉ်းပြိုင်** (အပိုင်း-၁)
- ၁၆။ နောက်တစ်နေ့အစီအစဉ်
- ၁၇။ အစီအစဉ်ပြီး၏။

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ဗဟန်း၃လမ်း မှတ်တိုင်ရှိ အဘိဓမ္မာ ရတနာဃရ ဓမ္မဗိမာန်တော်တွင်ကျင်းပမည်ဖြစ်သည်။ အသင်းဝင်နှင့် အသက် ၈၀ ပြည့်အတူနေ မိဘများစာရင်းနှင့် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ အသင်းသား အသင်းသူများ၏ သားသမီးများ အမည်စာရင်းကို ဖေဖော်ဝါရီ ၁၁ ရက် မတိုင်မီပေးပို့ရန်နှင့် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည် ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

သက်ကြီးပူဇော်ပွဲအတွက်အလှူငွေများကို ဦးလှမြင့် ဖုန်း-၂၂၄၉၃၁၊ ဦးမြင့်သိန်း ဖုန်း-၂၀၃၇၃၁ နှင့် ဦးလှမြင့်(ရွှေဟသ်ာ) ဖုန်း-၂၅၂၇၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သမ္မတရွေးကောက်ပွဲ၌ လူငယ်များ၏ထောက်ခံမဲရရှိရေး ကိုယ်စားလှယ်လောင်းများ အင်တာနက်အသုံးပြု မဲဆွယ်

ဆီလီကွန်ဗယ်လီ ဖေဖော်ဝါရီ ၄

အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွက် အကြိုရွေးကောက်ပွဲများတွင် အကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိသော ပါတီနှစ်ရပ်မှ ကိုယ်စားလှယ်လောင်းလေးဦးတို့က လူငယ်များ၏ထောက်ခံမဲရရှိရေးအတွက် ယခုအခါ ရုပ်မြင်သံကြားနှင့် အင်တာနက်တို့ကို အသုံးပြု စည်းရုံးမဲဆွယ်ကြသည်။

၎င်းတို့မှာ ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်နှင့် အိုဘားမား၊ ရီပတ်ဘလီကင်ပါတီမှ မိုက်ဟတ်ကာဘီးနှင့် ရွှန်ပေါလ်တို့ လေးဦးဖြစ်သည်။ မိနစ် ၉၀အကြာ ထိုအစီအစဉ်တွင် ဟီလာရီကလင်တန်က အာရီဇိုးနားမှ လည်းကောင်း၊ အိုဘားမားက မင်နီယာပိုလစ်မှလည်းကောင်း၊ ဟတ်ကာဘီးက အလာဘားမားမှလည်းကောင်း၊ ရွှန်ပေါလ်က တက္ကဆက်မှလည်းကောင်း ဆက်သွယ်ရေးဂြိုဟ်တုမှတစ်ဆင့် အသီးသီး ပါဝင်ဆွေးနွေးကြသည်။

မပါဝင်

ရီပတ်ဘလီကင်ပါတီတွင် ရှေ့မှပြေးနေသူ ဂျွန်မက်ကိန်းနှင့် မစ်ရွှမ်နေးတို့နှစ်ဦးမှာ ဤအစီအစဉ်၌ မပါဝင်ကြပေ။

ရွေးကောက်ပွဲ

အသက် ၁၈နှစ်မှ ၂၉ နှစ်အတွင်းရှိ အမေရိကန် လူငယ်များအတွက် ရုပ်မြင်သံကြားဝက်ဘ်ဆိုက်သည် အမေရိကန်သမ္မတ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး သတင်းအချက်အလက် အဓိကရရှိရာဌာန ဖြစ်သည်။ **(အင်တာနက်)**

ဗီဝဒီဗယ်စက်ရုံ

ပီရူး နိုင်ငံ လီမာမြို့ရှိ ဇီဝဒီဇယ်ထုတ်လုပ်သည့် စက်ရုံ၏ လုပ်ငန်းခွင် တစ်နေရာကို ဖေဖော်ဝါရီ ၄ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

လိုက်ဘေးရီးယားကမ်းခြေ၌ ကိုကင်းများစံချိန်တင်ဖမ်းမိ

မွန်ရိုဗီးယား ဖေဖော်ဝါရီ ၄

လိုက်ဘေးရီးယားနိုင်ငံ ပင်လယ်ကမ်းခြေတွင် ကိုကင်း ၂ ဒသမ ၅ တန်ခန့်ပါဝင်သောစည်များဖြင့်တင်ဆောင်လာသည့် သင်္ဘောတစ်စင်းကိုဖမ်းဆီးလိုက်ကြောင်း**(အောက်ပုံ)**ဖေဖော်ဝါရီ ၁ ရက်က အင်တာနက်သတင်းတွင် ဖော်ပြ သည်။

ပြောကြား

အဆိုပါ ဘိန်းဖြူဖမ်းဆီးရမိမှုသည် လိုက်ဘေးရီးယားနိုင်ငံသမိုင်းတွင် တစ်ကြိမ်တည်းဖြင့် အများဆုံးဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တွေ့ရှိ

ကိုကင်းများတင်ဆောင်လာသောအဆိုပါသင်္ဘောကိုပြင်သစ်စစ်သင်္ဘောတစ်စင်းက ဇန်နဝါရီ ၃၁ ရက်တွင် အတ္တလန္တိတ်သမုဒ္ဒရာ၌တွေ့ရှိခဲ့ပြီး လိုက်ဘေးရီးယားကမ်းခြေသို့ ဦးတည်ခုတ်မောင်းလာစဉ် တွေ့ရှိခဲ့သည်ဟု ဆိုသည်။

တောင်အမေရိကမှ ဘိန်းမှောင်ခိုများသည် အနောက်အာဖရိကမှ တစ်ဆင့် ဥရောပသို့ မူးယစ်ဆေးဝါးများ တိုးမြှင့်တင်ပို့ရန် ကြိုးစားနေသည် ဟုဆိုသည်။

ဖမ်းဆီး

သင်္ဘောပေါ်တွင် ကိုကင်းစည်ပေါင်း ၈၂ စည်ပါဝင်ရာ သင်္ဘောပေါ်တွင် လိုက်ပါလာသော သင်္ဘောသားကိုးဦးကိုလည်း ဖမ်းဆီးလိုက်ကြောင်း မွန်ရိုဗီးယားမြို့ ဆိပ်ကမ်းရဲ အက်ချ်ဖို့ဒ်ပါးလ်က ပြောကြားသည်။ **(အင်တာနက်)**

လူ့အခွင့်အရေးအဖွဲ့ နှစ်ပတ်လည်အစီရင်ခံစာ ဗီယက်နမ်နိုင်ငံ လက်မခံဘဲ ပယ်ချ

ဟန္နိုင်း ဖေဖော်ဝါရီ ၄

လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာ၌ ဗီယက်နမ်နိုင်ငံနှင့် ပတ်သက်သည့်အချက်အလက်များမှာ မှားယွင်းနေကြောင်း ပြောဆိုကာ ဗီယက်နမ်နိုင်ငံက ဖေဖော်ဝါရီ ၁ ရက်တွင် ပယ်ချလိုက်သည်။

နိုင်ငံတကာ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြသည့် ကောက်ချက်များကို မိမိတို့ ပြတ်သားစွာ ပယ်ချကြောင်း ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လေဒန်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၏ ပကတိအခြေအနေနှင့် မကိုက်ညီသည့် မှားယွင်းသော သတင်းအချက်အလက်များကို လူ့အခွင့်အရေးစောင့်ကြည့်မှု အဖွဲ့က ထပ်မံထည့်သွင်း ဖော်ပြခြင်းအတွက် ဝမ်းနည်းစရာကောင်းကြောင်း၊ လွတ်လပ်စွာ ပြောဆိုခွင့်အပါအဝင် နိုင်ငံသားအားလုံး၏ လွတ်လပ်မှုနှင့် ဒီမိုကရေစီ အခွင့်အရေးများကို ဗီယက်နမ်အစိုးရက အမြဲတမ်း လေးစားကြောင်း မစ္စတာဒန်က ပြောကြားသည်။

ကမ္ဘာတစ်ဝန်းရှိ အခြားနိုင်ငံများမှာကဲ့သို့ ဗီယက်နမ်နိုင်ငံအနေဖြင့် ဥပဒေ ချိုးဖောက်သည့် အမှုများ ကျူးလွန်ရန် လွတ်လပ်ရေးနှင့် ဒီမိုကရေစီ အခွင့်အရေးများကို အလွဲသုံးခွင့်ပြုနိုင်မည် မဟုတ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ယူအေအီးရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီ အမြတ်ဝင်ငွေစံချိန်တင်ရရှိခဲ့

အဘူဒါဘီ ဖေဖော်ဝါရီ ၄

အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံမှ စွမ်းအင်ကုမ္ပဏီကြီးဖြစ်သည့် တာကာကုမ္ပဏီသည် ၂၀၀၇ခုနှစ်အတွင်း စံချိန်တင် အမြတ်ဝင်ငွေရရှိခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၁၀၇ ရာခိုင်နှုန်းရှိကြောင်း ဒေသထုတ် သတင်းစာခါလီတိုင်းမ်က ရေးသားဖော်ပြသည်။

တွေ့ရှိ

အဆိုပါ ကုမ္ပဏီ၏ အမြတ်ဝင်ငွေသည် ၂၀၀၇ ခုနှစ်အတွင်း ဒေသသုံးငွေ ဒီယာဟမ်း ၈ ဘီလီယံအထိ ရှိခဲ့ကြောင်း၊ ထို့အရင် ၂၀၀၆ ခုနှစ်က ရရှိခဲ့သည့် အမြတ်ဝင်ငွေမှာ ၄ ဒသမ ၈ဘီလီယံသာရှိခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၆၅ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၎င်းကုမ္ပဏီက ပြောကြားသည်။

အဆိုပါကုမ္ပဏီသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရှာဖွေရေး လုပ်ငန်းများ လုပ်ကိုင်နေသည့် ကုမ္ပဏီဖြစ်သည်။

ယင်းကုမ္ပဏီသည် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံဖိုး ရင်းနှီးမြှုပ်နှံလျက် ကမ္ဘာတစ်ဝန်းရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရှာဖွေရေး လုပ်ငန်းများ လုပ်ကိုင်နေသည့် ကုမ္ပဏီ ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကိုလံဘိုမြို့ တိရစ္ဆာန်ဥယျာဉ်၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွား

ကိုလံဘို ဖေဖော်ဝါရီ ၄

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ တိရစ္ဆာန်ဥယျာဉ်တစ်ခု၌ ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ကိုလံဘိုရဲတပ်ဖွဲ့က ပြောကြားသည်။

ဖမ်းဆီး

ဗုံးပေါက်ကွဲမှုမှာ ကိုလံဘိုမြို့ရှိ ဒီဟိုင်ဝါလာတိရစ္ဆာန်ရုံ၌ ဖေဖော်ဝါရီ ၃ရက် နံနက် ၁၀နာရီ ၃၅ မိနစ်က ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အင်အားအသင့်အတင့်သာရှိသောအသေးစားဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

လောလောဆယ် အချိန်၌ တိရစ္ဆာန်ရုံကို လုံခြုံရေးအရ ပိတ်ထားလိုက်ပြီး လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ သီရိလင်္ကာနိုင်ငံတစ်ဝန်း၌ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားလျက်ရှိရာ ဗုံးပေါက်ကွဲမှုများမှာ တမီးလ်ကျားသူပုန်များ လက်ချက်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားမှာ ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သည်ဖြစ်ရာ အဆိုပါနေ့အတွက် နိုင်ငံတစ်ဝန်း၌ ပြင်ဆင်မှုများ ပြုလုပ်နေချိန် ဗုံးပေါက်ကွဲမှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ **(အင်တာနက်)**

ဂျပန်မှ အမေရိကန်သို့ မီးပုံးပျံစီးသူ ပစိဖိတ်သမုဒ္ဒရာပေါ်တွင် ပျောက်ဆုံးနေ

တိုကျို ဖေဖော်ဝါရီ ၄

ဂျပန်မီးပုံးပျံစီးသူတစ်ဦးသည် ဂျပန်နိုင်ငံမှ အမေရိကန်နိုင်ငံသို့မီးပုံးပျံစီး၍၎င်းတင်ထားသော ကမ္ဘာ့စံချိန်ကို ချိုးရန်ကြိုးစားစဉ် ပျောက်ဆုံးနေကြောင်း ဖေဖော်ဝါရီ၃ရက်က အင်တာနက် သတင်းတွင် ဖော်ပြသည်။

မီးပုံးပျံစီးသူ မီချီကိုကန်ဒါ (အောက်ပုံ)**သည်ဇန်နဝါရီ၃၁ရက်က မြောက်ပစိဖိတ် သမုဒ္ဒရာပေါ်အရောက်တွင် အဆက်အသွယ် ပြတ်တောက်သွားပြီးနောက်အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က စတင်ရှာဖွေနေသည်။**

အသက် ၅၈ နှစ်ရှိ မစ္စတာကန်ဒါသည်ဂျပန်နိုင်ငံတိုချီဂီမှ အမေရိကန်နိုင်ငံအော်ရီဂွန်ပြည်နယ်ပို့စ်လန်းသို့ ဦးတည်လျက် မီးပုံးပျံစီး၍ထွက်ခွာလာခြင်းဖြစ်သည်။ ၎င်းသည် ခရီးမိုင် အရှည်ဆုံးမီးပုံးပျံစီးခြင်းဖြင့်ကမ္ဘာ့စံချိန်တင်ရန် ကြိုးစားခြင်းဖြစ်သည်။

အဆက်အသွယ်

မစ္စတာကန်ဒါအားထောက်ပံ့ကူညီပေးရေးအဖွဲ့က ဂြိုဟ်တုဖုန်းဖြင့် ဆက်သွယ်ကြည့်ရာတွင် အဆက်အသွယ်မရတော့သဖြင့် ပျောက်ဆုံး နေကြောင်းသတင်း ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

အဟန့်အတား

အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က စက်လှေတစ်စင်းနှင့် လေယာဉ်နှစ်စင်းလွှတ်၍ ရှာဖွေနေသည်။ သို့သော်လည်း ရာသီဥတု ဆိုးရွားနေ၍ ရှာဖွေရေးအတွက် အဟန့်အတားဖြစ်နေသည်ဟု ဆိုသည်။

အဆိုပါ မီးပုံးပျံစီးသူသည် ၁၉၉၇ ခုနှစ်က ကနေဒါ နိုင်ငံ အယ်လ်ဘာတာမြို့မှ အမေရိကန်နိုင်ငံ မွန်တားနားသို့ မီးပုံးပျံဖြင့် ခရီးမိုင် ၄၇၆၇မိုင်ကို နာရီ ၅၀၊ ၃၈ မိနစ်ဖြင့် စံချိန်တင်စီးနင်း ပျံသန်းနိုင်ခဲ့သည်။

ကြိုးစား

၎င်းသည်ယခုစီးနင်းပျံသန်းသည့် ခရီးစဉ်တွင် နာရီ ၆၀ ဖြင့်မိုင်၅၆၀၀အကွာအဝေးကိုစီးနင်းရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ထိုင်းညွှန့်ပေါင်း အစိုးရအဖွဲ့မှ ပါတီနှစ်ခု ဖျက်သိမ်းခံရဖွယ်ရှိ

ဗန်ကောက် ဖေဖော်ဝါရီ ၄

ထိုင်းနိုင်ငံ၌ လောလောလတ်လတ် ရွေးချယ်တင်မြှောက်ခံရသည့် ညွန့်ပေါင်း အစိုးရအဖွဲ့တွင် ပါဝင်သည့် ပါတီနှစ်ရပ်မှ ခေါင်းဆောင်များ ပါဝင်ပတ်သက်သည့် မဲဝယ်သည်ဆိုမှုကြောင့် အဆိုပါ ပါတီနှစ်ရပ်ကို ဖျက်သိမ်းခံရဖွယ်ရှိမည်ဟု ဆိုသည်။

ထိုပါတီနှစ်ရပ်မှာ မက်ချီးမားသီ ပတ္တရာပါတီနှင့် ချတ်ထိုင်းပါတီတို့ ဖြစ်သည်။

ပြောကြား

ထိုပါတီနှစ်ရပ်ကို ဖျက်သိမ်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး အမိန့်လို၊ မလိုကိစ္စကို ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့က ရက်သတ္တနှစ်ပတ်အတွင်း ဆုံးဖြတ်မည်ဟု ရွေးကောက်ပွဲ မင်းကြီး ဆော့ဆရီက ဖေဖော်ဝါရီ ၂ရက်တွင် ပြောကြားသည်။

တာဝန်ပေး

မတ်ချီမတ်သီပတ္တရာ ပါတီ၏ မဲကလိမ်ကျမှုကိုသာ စဉ်းစားရန် ဘွန်ဖန်ဒို သိုင်ဆွန် ဦးဆောင်သည့် ကော်မတီကို ရွေးကောက်ပွဲ ကော်မရှင်က တာဝန်ပေးထားပြီး ဖြစ်သည်။

ထိုကော်မတီကပင် ချတ်ထိုင်းပါတီ၏ မဲကလိမ်ကျမှုကိုပါ စဉ်းစားစဉ် ရွေးကောက်ပွဲကော်မရှင်က ဖေဖော်ဝါရီ ၁ရက်တွင် ဆုံးဖြတ်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ မီးရထားဘူတာရုံကြီးတွင် ဖေဖော်ဝါရီ ၃ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် တွေ့ရသည့် မြင်ကွင်း။ (အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှား ရေနံထုတ်လုပ်မှုမြင့်တက် တစ်ရက်လျှင် စည်ပေါင်းတစ်သန်းထုတ်နိုင်

ဂျကာတာ ဖေဖော်ဝါရီ ၄

အင်ဒိုနီးရှားနိုင်ငံ၏ ရေနံထုတ်လုပ်မှုသည် လွန်ခဲ့သော ၁၀ရက်က မြင့်တက်လာခဲ့ကြောင်း ၂၀၀၇ခုနှစ်က တစ်နေ့လျှင် ပျမ်းမျှစည်ပေါင်း ၉၆၀၀၀၀ ထုတ်လုပ်ခဲ့ရာမှ စည်ပေါင်းတစ်သန်းအထိ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း တာဝန်ရှိသူ တစ်ဦးက ဖေဖော်ဝါရီ ၁ရက်တွင် ပြောကြားသည်။

ပြန်လည်စတင်

ထိုသို့ ရေနံထုတ်လုပ်မှု မြင့်တက်လာခြင်းမှာ ဆူမားတြားရှိ ဆီရွှန်ရေနံ လုပ်ကွက်၊ နာတူနာနှင့် ဘယ်လာနတ်ရှိ ရေနံလုပ်ကွက်များ ပြန်လည်စတင် လည်ပတ်နိုင်ခဲ့ခြင်းကြောင့် ဖြစ်နိုင်ကြောင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ အမှုဆောင်အဖွဲ့အကြီးအကဲဝါနီကာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကင်ညာ၌ ဖြစ်ပွားနေသော အကြမ်းဖက်မှုကြောင့် မိဘပျောက်ဆုံးနေသောကလေးများ စိုးရိမ်ထိတ်လန့်နေကြ

နိုင်ရိုဘီ ဖေဖော်ဝါရီ ၄

ကင်ညာနိုင်ငံတွင် ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်၍ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ရာတွင် လူပေါင်း ၉၀၀ နီးပါး သေဆုံးခဲ့ရသည်။

အကြမ်းဖက်မှုကြောင့် ပြည်သူအများ နေအိမ်များကို စွန့်ခွာထွက်ပြေးကြစဉ် အချို့သော မိသားစုများတွင် ကလေးများ ပျောက်ဆုံးလျက်ရှိသည်ဟု ဆိုသည်။

မိဘမဲ့ဖြစ်

အချို့သော ကလေးများမှာ မိဘများအကြမ်းဖက်မှုဖြစ်ပွားစဉ် အသတ်ခံရ၍ မိဘမဲ့ဖြစ်နေကြသည်။

ပြောပြ

မကြာသေးမီက အယ်လ်ဒိုရက်မြို့မှ အကြမ်းဖက်မှုကြောင့် ထွက်ပြေးလာသော အသက် ၁၃နှစ်ရှိ ဗန်က ပြောကြားရာတွင် မနေ့ညက ကျွန်တော့်အမေဟာ မြားတွေ၊ လေးတွေ ကိုင်ထားတဲ့သူတွေ သတ်လို့ သေပြီ၊ ကျွန်တော် အိမ်ကိုပြန်သွားကြည့်တဲ့ အချိန်မှာ အမေ့ကို မတွေ့ရတော့ဘူး၊ ကြမ်းပြင်ပေါ်မှာ သွေးကွက်ပဲ တွေ့လိုက်ရတယ်။ ဒါနဲ့ အိမ်နီးချင်းတွေ မေးကြည့်တော့လည်း အမေ့ကို မတွေ့ရတော့ဘူးဟု ကြက်ခြေနီအဖွဲ့မှ တာဝန်ရှိသူတစ်ဦးအား ဝမ်းနည်းကြေကွဲစွာဖြင့် ပြောပြသည်။

စောင့်ရှောက်

ကင်ညာနိုင်ငံ မြို့တော်နိုင်ရိုဘီရှိ ဆင်ခြေဖုံး ရပ်ကွက်တစ်ခု၌ အရေးအခင်းကာလအတွင်း မိဘမဲ့ကလေးများအား ထိန်းသိမ်းစောင့်ရှောက်ထားသည်ဟု ဆိုသည်။ **(အပေါ်ပုံ)**

ကလေးများသည် ပျောက်ဆုံးနေသော မိဘများအား စိုးရိမ်ထိတ်လန့်စွာဖြင့် မျှော်လင့်စောင့်စားနေကြသည်ဟု ဆိုသည်။

(အင်တာနက်)

ကိုလံဘိုမြို့ ဘူတာရုံ၌ ဗုံးခွဲတိုက်ခိုက် ၁၂ဦးသေဆုံး၊၁၀၀ကျော်ဒဏ်ရာရ

ကိုလံဘို ဖေဖော်ဝါရီ ၄

သီရိလင်္ကာနိုင်ငံ မြို့တော်ကိုလံဘိုရှိ အဓိကဘူတာရုံကြီး၌ ဖေဖော်ဝါရီ ၃ ရက်က ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ၁၂ ဦး သေဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ကိုလံဘို ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးခွဲတိုက်ခိုက်သူမှာ အမျိုးသမီးတစ်ဦးဖြစ်ပြီး ဘူတာရုံစင်္ကြံအတွင်း ခရီးသည်များအကြား ဝင်ရောက်ကာ အသေခံ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ကိုလံဘိုရဲတပ်ဖွဲ့ အရာရှိများက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ခရီးသည်များ စောင့်ဆိုင်း

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်၌ ဆီးနှင်းများဆက်လက်ကျဆင်းနေသဖြင့် ဘူတာရုံ၌ ခရီးသည်များ စောင့်ဆိုင်းနေရသည်ကို ဖေဖော်ဝါရီ ၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်၌ ဆီးနှင်းများ ဆက်လက်ကျဆင်း ထောင်ပေါင်းများစွာသော ခရီးသည်များသောင်တင်နေ

ဟူနန် ဖေဖော်ဝါရီ ၄

တရုတ်နိုင်ငံ၌ အနှစ် ၅၀အတွင်း အဆိုးရွားဆုံးနှင်းမုန်တိုင်းကျရောက်မှု ပြီးဆုံးစေရေး ဘာသာတရားလက်ကိုင်ထားကြရန် ပြည်သူအပေါင်းတို့အား တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က တိုက်တွန်းဆော်ဩလိုက်သည်။

အားပေး

မစ္စတာဝမ်သည် နှင်းမုန်တိုင်းဒဏ် အဆိုးရွားဆုံး ကြုံတွေ့နေရသည့် ဟူနန်ပြည်နယ်ရှိ ပြည်သူများအား သွားရောက် အားပေးစကားဆိုခဲ့ခြင်း ဖြစ်သည်။

သောင်တင်နေ

ရာသီဥတုမှာ ဆက်လက်ဆိုးရွားနေသဖြင့် ခရီးသွားလာမှုများ ကမောက်ကမဖြစ်ကာ ထောင်ပေါင်းများစွာသော ပြည်သူများ မီးရထားဘူတာများ၌ သောင်တင်နေဆဲ ဖြစ်သည်။

ဆက်လက်ကျဆင်းနိုင်

အဆိုပါ ဟူနန်ပြည်နယ် မိုးလေဝသဌာနက ခန့်မှန်းရာတွင် ဆီးနှင်းများ ဖေဖော်ဝါရီ ၅ရက်အထိ ဆက်လက်ကျဆင်းနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

သေဆုံးခဲ့

ယင်းနှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံတစ်ဝန်းလူပေါင်း သန်း ၁၀၀ခန့်ဘေးအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရပြီး လူပေါင်းနှစ်သိန်းမှာ နာဖျားကာ ၆၀သေဆုံးခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

ဆော်ဒီအာရေဗျ၌ ယာဉ်တိုက်မှု နိုင်ငံခြားသား ၁၆ဦးသေဆုံး

ရီးယာ့ဒ် ဖေဖော်ဝါရီ ၄

ဆော်ဒီအာရေဗျနိုင်ငံ၌ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ပြည်ပမှ အလုပ်လာရောက်လုပ်ကိုင်သူ ၁၆ဦးသေဆုံးသွားကြောင်း ဒေသထုတ်သတင်းစာတစ်စောင်က ဖေဖော်ဝါရီ ၂ရက်တွင် ဖော်ပြသည်။

ဖော်ပြ

အဆိုပါယာဉ်တိုက်မှုမှာအက်ကိုင်းပြည်နယ်အရှေ့ပိုင်း အဝေးပြေး လမ်းမကြီးပေါ်တွင် ဇန်နဝါရီ ၃၁ရက် ညပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဘတ်စ်ကားတစ်စီးက ကားငယ်တစ်စီးကို ဝင်တိုက်ခြင်းဖြစ်ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

ပါဝင်

၎င်းယာဉ်တိုက်မှုကြောင့် သေဆုံးသူများတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ၁၁ဦး၊ ပါကစ္စတန်သုံးဦးနှင့် အိန္ဒိယ နှစ်ဦး ပါဝင်သည်။

ဆော်ဒီအာရေဗျနိုင်ငံ၌ လူဦးရေ ၂၄သန်းရှိရာ ခုနစ်သန်းခန့်မှာ နိုင်ငံခြားမှ လာရောက်အလုပ်လုပ်ကိုင်ကြသူများဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

လှုပ်လှုပ်ရှားရှား အင်တာနက်ပုံရိပ်များ

ရွှေ့ပြောင်း

ဘိုလီးဗီးယားနိုင်ငံ ဆန်တာ ခရုဇ်မြို့၌ ဖေဖော်ဝါရီ ၃ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမိုးခဲ့မှုကြောင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းနေကြသည့် ဒေသခံများကို ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ရုရှားနိုင်ငံ စိန့်ပီတာစဘတ် မြို့၌ ဖေဖော်ဝါရီ ၃ ရက်က လေပြင်းမုန်တိုင်း ဝင်ရောက် တိုက်ခတ်ခဲ့မှုကြောင့် ပြိုကျနေသော အဆောက်အအုံတစ်ခု၏ မြင်ကွင်း။ (အင်တာနက်ဓာတ်ပုံ)

ကွန်ဂိုငလျင် သေဆုံးသူ ၄၀ ကျော်ရှိလာ

ကမ်ပါလာ ဖေဖော်ဝါရီ ၄

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံအကြား နယ်စပ်၌ ဖေဖော်ဝါရီ ၃ ရက်က အင်အားပြင်း ငလျင်လှုပ်မှုကြောင့် သေဆုံးသူဦးရေမှာ ဖေဖော်ဝါရီ၄ရက်အထိ ၄၀ ကျော်ရှိသွားပြီဖြစ်သည်။

ရှာဖွေ

ရဝမ်ဒါနိုင်ငံ ရူစီဇီခရိုင်တွင် မြေငလျင်ဒဏ်ခံရသဖြင့် အဆောက်အအုံအများအပြား ပျက်စီးခဲ့ပြီး အချို့ အဆောက်အအုံများ မြေပြင်သို့ ပြိုလဲပျက်စီးသွားခဲ့သည်။ ထို့အတူ အဆောက်အအုံပျက်များအကြားမှ သေဆုံးသူများကို ရှာဖွေလျက်ရှိသည်။

ထို့အတူ ကွန်ဂိုနိုင်ငံ ရဝမ်ဒါမြို့၌ ငလျင်ကြောင့် သေဆုံးသူ ၃၄ ဦးအထိရှိပြီး ရဝမ်ဒါ၌သေဆုံးသူ ခြောက်ဦးကျော် ရှိနေပြီဖြစ်သည်။

ထုတ်ပြန်

ကွန်ဂို၌လှုပ်ခဲ့သည့် ငလျင်မှာ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၀ ရှိပြီး ရဝမ်ဒါ၌လှုပ်ခဲ့သော ငလျင်မှာ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၀ ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

(အင်တာနက်)

ချဒ်မြို့တော်၌ တိုက်ပွဲများဖြစ်ပွား မြို့နေပြည်သူများထွက်ပြေးကြရ

အင်ဂျာမီနာ ဖေဖော်ဝါရီ ၄

ချဒ်နိုင်ငံမြို့တော် အင်ဂျာမီနာ၌ အစိုးရတပ်များနှင့် သူပုန်တပ်များ နှစ်ရက်ကြာ အကြီးအကျယ်တိုက်ပွဲဖြစ်ပွားပြီးနောက် မြို့နေပြည်သူထောင်ပေါင်းများစွာတို့ နေအိမ်များကို စွန့်ခွာထွက်ပြေးကြရကြောင်း ဖေဖော်ဝါရီ ၄ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

သူပုန်တပ်ဖွဲ့အား မြို့တော်အင်ဂျာမီနာမှ အပြင်သို့တိုက်ထုတ်နိုင်ပြီးဖြစ်ကြောင်း ချဒ်အစိုးရက ပြောကြားသည်။ သို့ရာတွင် ပြည်သူများဘေးကင်းရာသို့ ပြောင်းရွှေ့ခွင့်ရရှိရန် နောက်ဆုတ်ပေးခြင်း ဖြစ်ကြောင်း သူပုန်အဖွဲ့ကပြောကြားသည်။

အင်ဂျာမီနာမြို့ပြင်တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး လမ်းများပေါ်တွင် လဲကျသေဆုံးနေသူများကိုတွေ့ရကြောင်း အကူလုပ်သားများကပြောကြားသည်။

ဥရောပသမဂ္ဂ(အီးယူ) အနေဖြင့် ချဒ်နိုင်ငံသို့ ၎င်း၏ငြိမ်းချမ်းရေးတပ်များစေလွှတ်ရန် တုံ့ဆိုင်းနေသည်။ အီးယူတပ်များသည် ချဒ်နိုင်ငံ၏ အိမ်နီးချင်း ဒါဖာဒေသမှ ထွက်ပြေးလာသော ဒုက္ခသည်များအား ကာကွယ်စောင့်ရှောက်ပေးရန်သာ ရည်ရွယ်သည်ဟုဆိုသည်။

ချဒ်အစိုးရက ဆူဒန်အစိုးရအား ထိုးစစ်ဆင် တိုက်ခိုက်ရန် သူပုန်များအား ထောက်ခံအားပေးရကြောင်း စွပ်စွဲထားသည်။ သို့ရာတွင် ဆူဒန်အစိုးရက မဟုတ်မမှန်ကြောင်း ငြင်းဆိုထားသည်။

(အင်တာနက်)

အာဏာသိမ်းရန်ကြံမှုဖြင့် ပြစ်ဒဏ်ခံရသူအရာရှိဟောင်း အီကွေတိုးရီးယားဂီနီသို့ ပြည်နှင်ဒဏ်ခံရ

ဟာရာရေး ဖေဖော်ဝါရီ ၄

အာဏာသိမ်းရန် ကြံစည်မှုဖြင့် ဇင်ဘာဘွေနိုင်ငံ၌ ထောင်တွင် အထိန်းသိမ်းခံနေရသော ဗြိတိသျှ အထူးအရာရှိတစ်ဦးဖြစ်သူသည် အယူခံဝင်မှုရှုံးနိမ့်ပြီးနောက် အီကွေတိုးရီးယားဂီနီ နိုင်ငံသို့ ပြည်နှင်ဒဏ်ပေးခံရကြောင်း ၎င်း၏ရှေ့နေက ဇန်နဝါရီ ၁ ရက်၌ ပြောကြားသည်။

ပြစ်ဒဏ်ခံရ

ဆိုင်မွန်မန်းသည် ၂၀၀၄ခုနှစ်က လိုင်စင်မရှိဘဲ လက်နက်ဝယ်ယူရန် စွဲချက်များဖြင့် ပြစ်ဒဏ်စီရင်ခံရခြင်း ဖြစ်သည်။

အဖမ်းခံရ

မန်းသည် ၂၀၀၇ခုနှစ် မေလက ၎င်း၏အပြစ်ဒဏ်ကို ကျခံခဲ့ရပြီးနောက် ခေတ္တ လွှတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ သို့သော်လည်း ပြည်နှင်ပြစ်ဒဏ်ကို ခံယူရန် စောင့်ဆိုင်းနေစဉ် ထပ်မံအဖမ်းခံခဲ့ရကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။

ပြည်နှင်ဒဏ်ပေး

ဇင်ဘာဘွေတရားရုံးချုပ်က မန်းကို ဇန်နဝါရီ၃၀ ရက်တွင် တရားခံပြန်လည်လွှဲပြောင်းပေးရေး အငြင်းပွားမှုဖြစ်ပွားပြီးနောက် အီကွေတိုးရီးယားဂီနီနိုင်ငံတွင် ပြစ်ဒဏ်ကျခံရန် ပြည်နှင်ဒဏ်ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းထောက်များ၏ ပြောကြားချက်ကို ကိုးကား၍ ၎င်း၏ရှေ့နေ ဂျိုနာသန် ဆမ်ကန်ဂျီက ပြောကြားခဲ့ခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

ကံအကြောင်းရယ်က လွှမ်းစေဖို့ဖန်

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

နယူးအော်လင်းမြို့သည် အမေရိကန် လူဝီစီယားနာပြည်နယ် အရှေ့တောင်ပိုင်းတွင် တည်ရှိပြီး လူဦးရေ ငါးသိန်းကျော် နေထိုင်သည်။ မစ္စစ္စပီ မြစ်ကမ်းနဖူးပေါ်တွင် တည်ရှိသော မြစ်ဆိပ်ကမ်းမြို့ဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကောင်းမွန်ကာ စီးပွားရေးအချက်အချာကျသည်။

ချစ်ခင်အားကိုး

နယူးအော်လင်းမြို့တွင် ရောဘတ်တက်ဖို့ဒ်ဆိုသူ လူငယ်ကလေးနှင့် နီကိုလာကော်တွန် **(အပေါ်ပုံ)** ဆိုသော မိန်းကလေးတို့သည် ငယ်စဉ်ကတည်းက အိမ်ချင်း ကပ်လျက်နေထိုင်ခဲ့ကြလေသည်။ သူတို့ နှစ်ဦးစလုံးသည် တစ်ဦးတည်းသောသား၊ တစ်ဦးတည်းသော သမီးများဖြစ်ကြသည်။ အိမ်နီးချင်းများဖြစ်ကြသဖြင့် မိဘချင်း မိသားစုကဲ့သို့ ခင်မင်ရင်းနှီးကြသလို လူငယ်ချင်းလည်း ရင်းနှီးခဲ့ကြသည်။ ရောဘတ်တက်ဖို့ဒ်နှင့် နီကိုလာကော်တွန်တို့သည် အသက် ၁၀နှစ်ကွာသော်လည်း သက်တူရွယ်တူငယ်ပေါင်း ကြီးဖော်များသဖွယ် ခင်မင်ရင်းနှီးခဲ့ကြသည်။ ရောဘတ်တက်ဖို့ဒ်အနေနှင့်နီကိုလာကို ညီမလေး တစ်ယောက်လို ချစ်ခင် ကြင်နာခဲ့သလို နီကိုလာအနေဖြင့်လည်း ရောဘတ်တက်ဖို့ဒ်အပေါ်တွင် အစ်ကိုကြီး တစ်ယောက်ကဲ့သို့ ချစ်ခင် အားကိုးခဲ့လေသည်။

မဆုံနိုင်အောင်ဝေး

အရွယ်ရောက်သောအခါ ရောဘတ်က အသက်ကြီးသူဖြစ်သဖြင့် လုပ်ငန်းခွင်အတွင်းသို့ အရင်ဝင်ရောက်ခဲ့လေသည်။ နီကိုလာမှာမူ ကျောင်းတက်နေတုန်းပင် ရှိသေးသည်။ သူတို့နှစ်ဦးတွင် ရောဘတ်က အသားဖြူပြီး ကိုယ်ခန္ဓာတောင့်တင်း သန်မာကာ ယောကျ်ားပီသသူဖြစ်သည်။ နီကိုလာကမူ အသားအနည်းငယ်ညိုပြီး တုတ်ခိုင်သူဖြစ်သည်။ ကြီးပြင်းလာသောအခါ သူတို့နှစ်ဦးသည် ခင်မင်ရင်းနှီးမှုပိုကာ ဖြူစင်သောမေတ္တာကို အရောင်ဆိုးခဲ့မိပြီး ချစ်သူဘဝသို့ ရောက်ရှိသွားကြတော့သည်။ နှစ်ဖက်မိဘများကလည်း သူတို့နှစ်ဦးကို ကြည်ဖြူခဲ့ကြသည်။ လွန်ခဲ့သော နှစ်နှစ်က ရောဘတ် ၃၂နှစ်အရွယ်တွင် နီကိုလာအား လက်ထပ်ကြရန်တောင်းဆိုခဲ့သော်လည်း ဘွဲ့ရပြီးခါစ နီကိုလာက ရဲအရာရှိ တစ်နှစ်သင်တန်းတက်ရောက်ကာ တာဝန်တစ်နှစ်ထမ်းဆောင်ပြီးမှသာ လက်ထပ်လိုကြောင်း အရေးဆိုခဲ့သဖြင့်သာ လက်ထပ်ဖို့အရေး နှောင့်နှေးခဲ့ရသည်။

သူတို့ နှစ်ဦး တည်ဆောက်ရန် ရည်မှန်းထားသည့် တူနှစ်ကိုယ် အချစ်ဘုံဗိမာန် ကလေးမှာ မတည်ဆောက်ရသေးမီမှာပင် ပြိုပျက်သွားခဲ့ပြီ။

သူတို့နှစ်ဦးသည် ၂၀၀၈ခုနှစ် နှစ်လယ်တွင် လက်ထပ်ရန် ရည်မှန်းထားကြသည်။ သို့သော်လည်း အဖြစ်အပျက်များက လျှပ်ပြက်သလိုမြန်ဆန်လွန်းလှသည်။ ရောဘတ်အဖို့ အိပ်မက်သဖွယ် မယုံကြည်နိုင်လောက်အောင် ခံစားခဲ့ရသည်။ နီကိုလာ၏ လက်ထပ်ရန်အချိန်ဆွဲခဲ့မှုကြောင့်ပင် သူတို့နှစ်ဦး မဆုံနိုင်အောင် ဝေးစေဖို့ ဖန်လာခဲ့တော့သည်။

နှမြောတသ

ယခုနှစ် ဇန်နဝါရီ ၂၈ရက်နေ့သည် သူတို့နှစ်ဦးအဖို့ ထာဝရ ကျောခိုင်းခဲ့ရသည့်နေ့အဖြစ် ရောဘတ်၏ဘဝတွင် အမှတ်ထင်ထင် ကျန်ရစ်နေစေခဲ့မည့်နေ့ပင် ဖြစ်တော့သည်။ ထိုနေ့က သူအလုပ်ခွင်တွင် ရောက်နေသည့် နေ့လယ်ပိုင်းဖြစ်သည်။ ထိုအချိန်တွင် အိမ်မှ နှစ်ဖက်မိဘများက အကျိုးအကြောင်း မပြောပြဘဲ အရေးတကြီး လိုက်ခေါ်၍ ဘုမသိဘမသိဖြင့် အိမ်သို့ပြန်လိုက်ခဲ့ရသည်။ အိမ်သို့ ရောက်သောအခါ နီကိုလာကို သူလုံးဝမမျှော်လင့်ထားသော အသက်ဝိဉာဉ် ကင်းမဲ့နေသည့် ပုံစံဖြင့် တွေ့လိုက်ရသည့်ခဏ၌ သူ့အဖို့ ကမ္ဘာကြီးအိုးထိန်းစက်လည်ပြီး ကမ္ဘာပျက်သကဲ့သို့ ခံစားခဲ့ရသည်။ သူတို့ နှစ်ဦးတည်ဆောက်ရန် ရည်မှန်းထားသည့် တူနှစ်ကိုယ် အချစ်ဘုံဗိမာန်ကလေးမှာ မတည်ဆောက်ရသေးခင်မှာပင်ပြိုပျက်သွားခဲ့ပြီဖြစ်သဖြင့် ရောဘတ်အဖို့ နီကိုလာ၏ ဖြစ်ရပ်အတွက် နှမြောတသ ဝမ်းနည်းကြေကွဲမဆုံး ဖြစ်ခဲ့ရသည်။

ပွဲချင်းပြီး

ထို့နေ့က နီကိုလာသည် မြို့ထဲသို့ ထွက်လာစဉ် ပြစ်မှုကျူးလွန်သူဟု မသင်္ကာစာရင်းတွင်ရှိသူ တစ်ဦးကို တွေ့သဖြင့် ကားရပ်ကာ သူ၏ဌာနမှ အခြား အရာရှိများကို ဆက်သွယ်ရေးစက်ဖြင့် ဆက်သွယ်ခေါ်ယူခဲ့သည်။ ထို့နောက် အဆိုပါ မသင်္ကာဖွယ်လူကို လက်ထိတ်ခတ်ရန် ကြိုးပမ်းခဲ့သည်။ နီကိုလာထက် ဗလကောင်းသော ထိုလူအား နီကိုလာက လက်ထိတ်မခတ်နိုင်မီမှာပင် နီကိုလာ၏ သေနတ်ကို လုယူပြီး နီကိုလာအား အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့သည်။ နီကိုလာမှာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့သည်။

နီကိုလာပစ်သတ်ခဲ့သူမှာ အခြားရဲအရာရှိများ အခင်းဖြစ်ရာနေရာသို့ ရောက်လာသည့်အချိန်အထိ ထိုနေရာတွင် ရှိနေဆဲဖြစ်သဖြင့် ဖမ်းဆီးမိခဲ့သည်။၎င်း၏အမည်မှာဘာနယ်လ်ဂျွန်ဆန်ဆိုသူဖြစ်ပြီး သူ၏ အသက်မှာ ၄၄နှစ်ရှိသည်။ နီကိုလာသည် သေဆုံးချိန်တွင် အသက် ၂၄နှစ်သာ ရှိသေးသည်။ ရောဘတ်တက်ဖို့ဒ်နှင့် နီကိုလာတို့အဖို့ ဘဝတစ်သက်တာတွင် ဘဝပေးကုသိုလ်ကံ နည်းမှုကြောင့် ကံအကြောင်းရယ်က လွှမ်းစေဖို့ ဖန်လာခဲ့ပေပြီ။

သတိရှိသင့်

နီကိုလာသည် လုပ်ငန်းခွင်တွင် သူ၏ဌာနအတွက်၊ ပြည်သူ၏ အကျိုးစီးပွားအတွက် ရှုပ်ရှုပ်ချွံချွံ သူ၏ အသက်ကို စတေးခံ ပေးဆပ်ခဲ့သည်။ မှန်မြတ်သည့်လုပ်ရပ်ကို လူတိုင်း အတုယူသင့်သကဲ့သို့ ကျရောက်လာနိုင်သည့် အန္တရာယ်အတွက်လည်း ကြိုတင်ကာကွယ်ရန် သတိရှိသင့်ကြောင်း ဤဖြစ်ရပ်ကို သင်ခန်းစာယူနိုင်ရန် တင်ပြလိုက်ရပါကြောင်း။ ။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၄-၂-၂၀၀၈

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၉ ဒသမ ၁၉ ဒေါ်လာအထိကျဆင်းလျက်ရှိကြောင်း အိုပက်အရာရှိများက ပြောကြားသည်။

လက်ရှိအနေအထား၌ ရေနံဈေးနှုန်းကျဆင်းသော်လည်း ကမ္ဘာ့ဈေးကွက် ဝယ်လိုအားကြောင့် ရက်ပိုင်းအတွင်း ရေနံဈေးနှုန်းပြန်တက်ဖွယ်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ပါကစ္စတန်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ ဆင်ခြေဖုံးအရပ်၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

ကရာချိမြို့ဆင်ခြေဖုံးရှိ ကြက်မွေးမြူရေး ခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ကြက်ကောင်ရေ ၅၀၀ ကျော် သုတ်သင်ရှင်းလင်းခဲ့သည်။

သီရိလင်္ကာ၌ အိန္ဒိယတာယာစက်ရုံတည်ဆောက်မည်

သီရိလင်္ကာနိုင်ငံ၌ တာယာထုတ်လုပ်မည့် စက်ရုံကြီးတစ်ခုကို အိန္ဒိယနိုင်ငံက တည်ဆောက်သွားမည်ဖြစ်ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံတောင်ပိုင်းတွင် အမေရိကန်ဒေါ်လာသန်း ၁၂၀ ရင်းနှီးမြှုပ်နှံ တည်ဆောက်မည့် တာယာထုတ်လုပ်မည့်စက်ရုံမှ ထုတ်ကုန်များကို တောင်အာရှနှင့် အခြားနိုင်ငံများသို့ တင်ပို့ရောင်းချသွားမည်ဖြစ်သည်။

အီဂျစ်နှင့်ဂါဇာနယ်စပ် ပြန်ဖွင့်ပေးမည်

အီဂျစ်နှင့် ဂါဇာနယ်စပ်ကို မိမိတို့ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း အီဂျစ်အရာရှိများက ကတိပြု ပြောကြားလိုက်သည်။

ဟားမတ်စ်နှင့် အီဂျစ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပြီးနောက်ပိုင်း အီဂျစ် အရာရှိများက ပြောကြားလိုက်ခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် ပါလက်စတိုင်းပြည်သူများ အခက်အခဲဖြစ်အောင် ပြုလုပ်မည်မဟုတ်ကြောင်း ထပ်မံပြောကြားသည်။

တရုတ်နှင့်ဘရူနိုင်း ပူးပေါင်းဆောင်ရွက်မည်

ဘရူနိုင်းဘုရင် ဘိုလ်ကီးရားက တရုတ်နိုင်ငံ၏ တစ်နိုင်ငံတည်း မူဝါဒကို ထောက်ခံလိုက်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဟု ပြောကြားလိုက်သည်။

ဘရူနိုင်းနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ကျီချီနှင့် တွေ့ဆုံစဉ် စွမ်းအင်၊ လယ်ယာစိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းတို့၌ နှစ်နိုင်ငံ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဘရူနိုင်းဘုရင် ဘိုလ်ကီးရားက ပြောကြားသည်။

တူရကီတပ်ဖွဲ့နှင့် ကာ့ဒ်လက်နက်ကိုင်များတိုက်ပွဲဖြစ်

တူရကီနိုင်ငံ ဘင်ဂေါ်ပြည်နယ်တွင် တူရကီတပ်ဖွဲ့ဝင်များနှင့် ကာ့ဒ်လက်နက်ကိုင်တို့ တိုက်ပွဲဖြစ်ပွားရာ ကာ့ဒ်လက်နက်ကိုင် ၁၀ ဦးသေဆုံးသွားကြောင်း တူရကီအရာရှိများက ပြောကြားသည်။

ထိုသို့တိုက်ပွဲဖြစ်ပွားသည့်အတွက် တူရကီနှင့် အီရတ်နယ်စပ်သို့ တူရကီတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ကာ လုံခြုံရေး အထူးတိုးမြှင့်လိုက်ကြောင်း ၎င်းတို့က ပြောကြားသည်။

နျူကလီးယားအစီအစဉ်အပေါ် ပြင်သစ်ပြောကြားမှု အီရန်ပယ်ချ

ပြင်သစ်နိုင်ငံ၏ အီရန် နျူကလီးယားအစီအစဉ်အပေါ် ပြောကြားမှုကို အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပယ်ချလိုက်သည်။

အဓိပ္ပာယ်နှစ်မျိုးထွက်နေသော အီရန်နျူကလီးယားအစီအစဉ်ဟု ပြင်သစ်အရာရှိများ၏ ပြောကြားချက်ကို အီရန်က ပြတ်ပြတ်သားသားပယ်ချလိုက်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

ကြက်ငှက်တုပ်ကွေး တူရကီ၌ဖြစ်ပွား

တူရကီနိုင်ငံ ဆမ်ဆန်ပြည်နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေကြောင်း တူရကီနိုင်ငံလယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဝန်ကြီးဌာနက အတည်ပြု ပြောကြားသည်။

ဆမ်ဆန်ပြည်နယ် အနောက်ပိုင်း ကျေးရွာတစ်ရွာ၌ ကြက်ငှက်တုပ်ကွေး ရောဂါကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီးနောက် ယခုအခါကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ် ကူးစက်မှုရှိနေသည်ကို တွေ့ရှိရကြောင်း၊ ကြက်၊ ဘဲသယ်ဆောင်ခွင့် ကန့်သတ်ပိတ်ပင်မှုများ ပြုလုပ်နေကြောင်း တူရကီအရာရှိများက ပြောကြားသည်။

ဒိုမီနီကန်သမ္မတနိုင်ငံ

သတင်းအကဲဆေး

တိုး-ရေးသားသည်

ဒိုမီနီကန်သမ္မတနိုင်ငံသည် ကာရစ်ဘီယံဒေသရှိ ဟစ်စပါနီယိုလာကျွန်း၏အရှေ့ဘက်ခြမ်း၌တည်ရှိသည်။ ကျွန်း၏အနောက်ခြမ်းတွင် အိမ်နီးချင်း ဟေတီနိုင်ငံရှိသည်။

ဒိုမီနီကန်သမ္မတနိုင်ငံရှိ ဥရောပ၏ ရှေးအကျဆုံးဖြစ်သော စန်တိုဒိုမင်ဂိုမြို့ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နယ်သစ်

ဟေတီနိုင်ငံကို တစ်ချိန်က ပြင်သစ်အုပ်ချုပ်ခဲ့သကဲ့သို့ ဒိုမီနီကန်သမ္မတနိုင်ငံမှာလည်း စပိန်လက်အောက်ခံဖြစ်ခဲ့သည်။ စပိန်နယ်သစ်ပယ်သစ်ရှာဖွေသူ ခရစ္စတိုဖာကိုလံဘတ်က ဤကျွန်းကို ၁၄၉၂ ခုနှစ်တွင် ရောက်ရှိခဲ့ပြီး ဟစ်စပါနီယိုလာကျွန်း(စပိန်ငယ်)ဟူ၍ အမည်ပေးလိုက်သည်။ ၁၄၉၆ ခုနှစ်တွင် စပိန်တို့က စန်တိုဒိုမင်ဂို၌ ကမ္ဘာ့အနောက်ခြမ်းမှ ပထမဆုံး စပိန် ကိုလိုနီနယ်သစ် ဖွင့်လှစ်သည်။ နောက်ပိုင်းတွင် စန်တိုဒိုမင်ဂိုမြို့ကို အမေရိက စပိန်ကိုလိုနီနယ်အားလုံး၏ မြို့တော်အဖြစ် သတ်မှတ်သည်။

ဝင်ရောက်

၁၆၉၇ ခုနှစ်တွင် ရစ္စဝစ်စာချုပ်အရ ဟစ်စပါနီယိုလာကျွန်း၏အနောက်ခြမ်း(ဟေတီ)ကို ပြင်သစ်တို့လက် အပ်လိုက်သည်။ ၁၇၉၅ ခုနှစ်တွင် ကျန်အရှေ့ခြမ်းပါ ပြင်သစ်ကိုပေးအပ်လိုက်ရပြန်သည်။ တော်လှန်မှုများဖြစ်ပွားပြီးနောက် ၁၈၀၈ ခုနှစ်တွင် စန်တိုဒိုမင်ဂိုကို စပိန်က ပြန်ယူလိုက်သည်။

စပိန်အုပ်ချုပ်မှုကို ဒေသခံတို့က ၁၈၂၁ ခုနှစ်တွင် တွန်းလှန်ပြီးနောက် ခေတ္တမျှလွတ်လပ်သလိုရှိချိန် ၁၈၂၂ ခုနှစ်တွင် ဟေတီသမ္မတဘွိုင်ယာက စန်တိုဒိုမင်ဂိုမြို့ကို ဝင်ရောက်သိမ်းပိုက်သည်။ ၁၈၄၄ ခုနှစ်တွင် ဘွိုင်ယာအုပ်ချုပ်ရေးကို ဖယ်ရှားပြီး လွတ်လပ်သော ဒိုမီနီကန်သမ္မတနိုင်ငံအဖြစ် ကြေညာနိုင်သည်။ ၁၈၆၁-၆၃ ခုနှစ်တွင် သမ္မတဆန်တာနာက ဒိုမီနီကန်သမ္မတနိုင်ငံကို စပိန်လက်ထဲပြန်အပ်သည်။ ပြည်တွင်းအင်အားစုများ၏ အုံကြွတော်လှန်မှုကြောင့် ၁၈၆၄ ခုနှစ်ကုန်တွင် စပိန်တို့ လက်လွှတ်ခဲ့ရသည်။

ထူထောင်

၁၈၆၅ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် လွတ်လပ်သော ဒိုမီနီကန်သမ္မတနိုင်ငံကို ထူထောင်သည်။ ပြည်တွင်းမငြိမ်မသက်မှုကို အကြောင်းပြုပြီး အမေရိကန်တပ်များ ၁၉၁၆ ခုနှစ်တွင် ဝင်သိမ်းသည်။ ၁၉၂၄ ခုနှစ်အထိဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် ရာဖဲလီယိုနီဒတ်က သမ္မတကိုဖယ်ရှားပြီး အာဏာရှင်စနစ်ထူထောင်သည်။ ၁၉၆၁ ခုနှစ်တွင် ရာဖဲလီယိုနီဒတ် လုပ်ကြံခံရသည်။

၁၉၆၂ ခုနှစ်တွင် ဒိုမီနီကန်တော်လှန်ရေးပါတီ(ပီအာရ်ဒီ)ထူထောင်သူ ဂျူအန်ဘော့ရှ်သမ္မတအဖြစ် အရွေးခံရသည်။ နှစ်ပေါင်း ၄၀ နီးပါးအတွင်း ပထမဆုံးသော ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲဖြစ်သည်။ ၁၉၆၅ ခုနှစ်တွင် အင်အား ၃၀၀၀၀ ရှိ အမေရိကန်တပ်များ ဒိုမီနီကန်သမ္မတနိုင်ငံကို ကျူးကျော်ဝင်ရောက်ခဲ့ကြသည်။

၁၉၆၆ ခုနှစ်တွင် ဘာလာဂွာအား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ သူသည် ပြုပြင်ရေးပါတီကို ခရစ်ယာန် လူမှုပြုပြင်ရေးပါတီ(ပီအာရ်အက်စ်စီ)၏ ခေါင်းဆောင်ဖြစ်ပြီး ၁၉၇၀ ပြည့်နှစ်၊ ၁၉၇၄ ခုနှစ်၊ ၁၉၈၆ ခုနှစ်၊ ၁၉၉၀ ပြည့်နှစ်နှင့် ၁၉၉၄ ခုနှစ် တို့တွင် ထပ်မံ၍ရွေးချယ်တင်မြှောက်ခံရပြီး ဒိုမီနီကန်သမ္မတနိုင်ငံ၏ နိုင်ငံရေးလောကတွင် နှစ်ပေါင်း ၅၀ ကျော် စိုးမိုးထားနိုင်သူဖြစ်ပြီး ၂၀၀၂ ခုနှစ် ဇူလိုင်လတွင် အသက် ၉၅ နှစ်အရွယ်၌ ကွယ်လွန်သည်။

၁၉၉၆ ခုနှစ်က သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ဒိုမီနီကန်လွတ်မြောက်ရေးပါတီ (ပီအယ်လ်ဒီ) ခေါင်းဆောင် ဖာနန်ဒက်သည် ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံရပြီးနောက် လက်ရှိသမ္မတရာထူးကို ရယူထားသူဖြစ်ပြီး ယခု ၂၀၀၈ ခုနှစ် သမ္မတရွေးကောက်ပွဲတွင်လည်း ယှဉ်ပြိုင်ရန် ရည်ရွယ်ကြောင်း ကြေညာထားသည်။ သူသည် ရှေ့နေနှင့် တက္ကသိုလ်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပြီး စပိန်၊ ပြင်သစ်၊ အင်္ဂလိပ် စကားများကိုလည်း ပြောနိုင်သူဖြစ်သည်။

ဟာရီကိန်းဒဏ်

ကျွန်းနိုင်ငံဖြစ်သည့်အလျောက် ဟာရီကိန်းမုန်တိုင်းဒဏ်၊ ရေလွှမ်းမိုးမှုဒဏ်တို့ကိုခံရသည့် နိုင်ငံဖြစ်သည်။ တောတောင်ထူထပ်သည့်နိုင်ငံလည်း ဖြစ်သည်။ ပီကိုဒွါတေမှာ ဒေသအတွင်း အမြင့်ဆုံးကုန်းမြင့်ဖြစ်ပြီး မြေဩဇာကောင်းသည့် စီဘောင်းလွင်ပြင်၊ ဒေသတွင်းအနိမ့်ဆုံးဒေသဖြစ်သည့် အင်ရီကွီလိုရေအိုင်တို့သည် ဒိုမီနီကန်သမ္မတနိုင်ငံ၏ ထူးခြားသည့် ပထဝီဝင်အခြေအနေဖြစ်သည်။ ထို့ကြောင့်ပင် ကမ္ဘာလှည့်ခရီးသည်တို့ အထူးအာရုံစိုက်သည့် ကာရစ်ဘီယံဒေသ နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အဓိကပြည်ပပို့ကုန်များမှာ သကြား၊ ကော်ဖီ၊ ဆေးရွက်ကြီးတို့ဖြစ်သည်။ ဒိုမီနီကန်သမ္မတနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးကဏ္ဍကို လူဖြူလူမည်း သွေးရောသူများ အဓိကပါဝင်ဆောင်ရွက်သည်။ နိုင်ငံအတွင်း ဆင်းရဲချမ်းသာကွာဟမှုကြီးမားသည်။ စပိန်အခြေချနေထိုင်လာသူများမှ ဆင်းသက်လာသူ လူဖြူများသည် မြေအများအပြားကို ပိုင်ဆိုင်ပြီး ချမ်းသာကြွယ်ဝကြသည်။ အာဖရိကနွယ်ဖွားများသာလျှင် ဆင်းရဲကြသည်။

ဂီတနယ်ပယ်

ပြည်သူအများစုမှာ ဥရောပသွေးနှောသူများနှင့် အာဖရိကနွယ်ဖွားများဖြစ်သည်။ မြို့တော် စန်တိုဒိုမင်ဂိုရှိ ကိုလိုနီခေတ်အဆောက်အအုံများနှင့်တကွ အနုပညာနှင့်စာပေတို့တွင် အနောက်ဟန် လွှမ်းမိုးသည်ကို တွေ့ရသည်။ အာဖရိကအမွေအနှစ် ကောင်းစွာထင်ဟပ်ပြသနေသည့် နယ်ပယ်မှာမူ ဂီတနယ်ပယ်ပင်ဖြစ်ပါသည်။ ။

ကိုးကား-အင်တာနက်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- ဆွီဒင်နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ဖေဖော်ဝါရီ ၃ ရက်က နှင်းမုန်တိုင်းများတိုက်ခတ်မှုကြောင့် ခြောက်ဦးသေဆုံးခဲ့သည်။
- **အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်၌ ဖေဖော်ဝါရီ ၃ ရက်က ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့ရာ အချို့နေရာများ၌ နေအိမ်များ ဆီးနှင်းဖုံးလွှမ်းသည်အထိ ဖြစ်ခဲ့သည်။**
- တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူကျင်းမြို့၌ ဖေဖော်ဝါရီ ၃ ရက်က ကုန်တင်ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးခဲ့သည်။
- **ဆိုမာလီနိုင်ငံကမ်းလွန်တွင် ဖေဖော်ဝါရီ ၄ ရက်က ရုရှားဆွဲသင်္ဘောတစ်စင်းအား ပင်လယ်ဓားပြများက ပြန်ပေးဆွဲသွားသည်။**
- ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ဖေဖော်ဝါရီ ၃ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ ကိုးဦးသေဆုံးခဲ့သည်။
- **ချီလီနိုင်ငံတောင်ပိုင်းရှိ အယ်လီမာ မီးတောင်သည် ဖေဖော်ဝါရီ ၃ ရက်က ပြာမှုန်နှင့် မီးခိုးများမှုတ်ထုတ်ကာ ပေါက်ကွဲမှုဖြစ်ပေါ်နေသဖြင့် အနီးဝန်းကျင်ရှိ ဒေသခံများအား လွတ်ကင်းရာသို့ ရွှေ့ပြောင်းပေးလျက်ရှိသည်။**
- ဂျာမနီနိုင်ငံ အနောက်တောင်ပိုင်း လူဝီရှာဖန်မြို့၌ ဖေဖော်ဝါရီ ၃ ရက်က လေးထပ်အဆောက်အအုံ မီးလောင်ပြိုကျခဲ့ရာ ကိုးဦးသေဆုံးခဲ့သည်။
- **ဆွစ်ဇာလန်နိုင်ငံအရှေ့ပိုင်းရှိ ပေ ၁၀၀၀ ခန့်မြင့်သည့် ရေခဲနေသော ရေတံခွန်ကို ဖေဖော်ဝါရီ ၃ ရက်တွင် ဆွစ်ဇာလန်တောင်တက်သမားတစ်ဦးက ၄၅ မိနစ်အတွင်း အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည်။** (ယာပုံ)



ဘဝအမောပြေ

အိမ်ထောင်ကျပြီး နှစ်အတန်ကြာအထိ ကလေးမရသဖြင့် စိတ်ပျက်နေသော ဖခင်တစ်ဦးသည် ဇနီးသည်ကိုယ်ဝန်ရသောအချိန်မှ စတင်ကာ အပျော်လွန်လျက်ရှိသည်။ မီးဖွားချိန်ရောက်သောအခါ အခန်းအပြင်ဘက်၌ ဂနာမငြိမ် စိတ်လှုပ်ရှားလျက်ရှိရာ အခန်းအတွင်းမှ ကလေးငိုသံကြားသဖြင့် သူနာပြုအား....

ဖခင် – ကလေးငိုသံကြားတယ်၊ မွေးပြီလား ဆရာမ။

သူနာပြု – ဟုတ်တယ်၊ အခုပဲ မွေးပါတယ်။

ဖခင် – ယောကျ်ားလား၊ မိန်းမလား။

သူနာပြု – ယောကျ်ားလေးပါ။

ဖခင် – ဟေး... ပျော်လိုက်တာ၊ ကျွန်တော်နဲ့ တူလား ဆရာမ။

သူနာပြု – တူပါတယ်၊ ဒါပေမယ့် လူအတော်များများနဲ့ တူသလိုပဲ။

ဖခင် – "ဗျာ"

ဘဝဒဿနအမြင်

- ***The beginning is the most important part of the work.***
  အလုပ်ရဲ့ အရေးကြီးဆုံးအပိုင်းကတော့ အစပိုင်းပါပဲ။

  ပလေတို
  (ဂရိအတွေးအခေါ်ပညာရှင်)

- ***Never promise more than you can perform.***
  လုပ်နိုင်သည်ထက် ပို၍ ကတိမပေးပါနှင့်။

  ပတ်ဘလီလီယပ်စ်ဆိုင်ရပ်စ်
  (အတွေးအခေါ်ပညာရှင်)

● ရှေ့ဖုံးမှ

အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ စစ်ကိုင်းတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ကလေးခရိုင်နှင့် ကလေးမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ကလေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ကလေး)၊ ကွန်ပျူတာတက္ကသိုလ်(ကလေး)နှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားနှင့် အကအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်မှူးချုပ်မြင့်စိုးနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့က နည်းပညာတက္ကသိုလ်(ကလေး) သုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ သုံးထပ်ကျောင်းဆောင်သစ်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ခရေပင်ကို စိုက်ပျိုးပေးသည်။

ကားလမ်း၊ ရထားလမ်း၊ လေကြောင်းလမ်းတို့ဖြင့် လွယ်ကူမြန်ဆန်စွာ သွားလာဆက်ဆံနိုင်ပြီး ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများသည်လည်း တစ်စထက်တစ်စ တိုးတက်လာလျက်ရှိသည်မှာ လက်တွေ့ပင်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူမြန်ဆန်သည်နှင့်အမျှ၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းသာယာသည်နှင့်အမျှ ကလေးဒေသသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာလျက်ရှိကြောင်း၊ အနာဂတ်နှင့်ယှဉ်ပြောလျှင် နောင်တွင်လည်း ဆက်လက်ဖွံ့ဖြိုးစည်ပင်လာဦးမှာ သေချာလျက်ရှိကြောင်း။

ပျိုးထောင်မွေးထုတ်

ယခုဆိုလျှင် နည်းပညာတက္ကသိုလ်နှင့်ယှဉ်တွဲပြီး ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့သည် ကလေးဒေသ၌ ဝင့်ဝင့်ကြွားကြွား တည်ရှိနေပြီဖြစ်သည့်အတွက် ချင်းပြည်နယ်နှင့် ကလေးဒေသမှ ကျောင်းသားလူငယ်များသည် အဆင့်မြင့်ပညာများကို လက်လှမ်းတမီ လွယ်ကူစွာ ဆက်လက်သင်ယူနိုင်ပြီဖြစ်ကြောင်း၊ ဒေသအတွင်း၌ပင် ပညာတတ် လူ့အရင်းအမြစ်များကို ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ကြပြီဖြစ်ကြောင်း။

အဆင့်မြင့် ကျန်းမာရေးစောင့်ရှောက်မှုပြုနိုင်ရန်အတွက် ကလေးမြို့၌ ခုတင် (၂၀၀)ဆံ့ အထူးကုဆေးရုံကြီးကို ထူထောင်ထားပြီးလည်း ဖြစ်ကြောင်း၊ ယနေ့ ကလေးမြို့ အထူးကုဆေးရုံကြီး၌ ဒေသခံပြည်သူများအပြင် ချင်းတောင်တန်းမှ တိုင်းရင်းသားများပါ တက်ရောက်ကုသနေသည့်အတွက် အောင်မြင်သည့်ဆေးရုံကြီးလည်း ဖြစ်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နည်းပညာတက္ကသိုလ် (ကလေး) သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ပြည့်စုံတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ရာတွင် အရည်အသွေး၊ အဆင့်အတန်းမြင့်မားသည့် ပညာတတ် လူ့အရင်းအမြစ်များသည် မရှိမဖြစ် လိုအပ်ချက်ဖြစ်လာကြောင်း။

တိုးချဲ့ဖွင့်လှစ်

ဤလိုအပ်ချက်သည်လည်း တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် လိုအပ်ချက်ဖြစ်သည့်အပြင် ဤပညာတတ်များကိုလည်း ပညာရေးကပင် ပြုစုပျိုးထောင်ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများ ရေးဆွဲချမှတ် အကောင်အထည်ဖော်လာရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အချက်အချာကျသော ဒေသများ၌ ပညာတတ်လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်၊ ကောလိပ်များကို ယခုကဲ့သို့ တိုးချဲ့ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

အရည်အသွေးမြှင့်တင်

နိုင်ငံတော်အကြီးအကဲက **"ပညာရေးဆိုတာ နှစ်ရှည်အချိန်ယူ အကောင်အထည်ဖော်ရမည့် လုပ်ငန်းကြီးဖြစ်တဲ့အတွက် နှစ်(၃၀) နှစ်ရှည်စီမံကိန်းကြီး ရေးဆွဲအကောင်အထည်ဖော်ဖို့လိုတယ်"၊ "လူမျိုးတစ်မျိုး တိုးတက်ဖွံ့ဖြိုးရန်အတွက် ပညာရေးဟာ အခြေခံအကျဆုံးဖြစ်တယ်"** ဟု လမ်းညွှန်မှုပေးပြီး တက္ကသိုလ်၊ ကောလိပ်များ၌ ယခုကဲ့သို့ လိုက်လျောညီညွတ်သည့် အဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ သင်ကြားမှုကိရိယာများ ဖြည့်ဆည်းပေးခြင်း၊ သင်ရိုးညွှန်းတမ်းများကို ခေတ်မီအောင်ပြုစုခြင်း၊ ဆရာများ၏ အရည်အသွေးမြှင့်တင်ခြင်း စသည်တို့ ဆောင်ရွက်ပေးခြင်းများကို အဆင့်လိုက် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နည်းပညာတက္ကသိုလ် (ကလေး) သုံးထပ်ကျောင်းဆောင်သစ်၌ စာသင်ခန်းများ၊ ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စိုက်ပျိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးဗိုလ်မှူးချုပ်မြင့်စိုး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ပိတောက်၊ ကံ့ကော်၊ သပြေနှင့် ပုန်းညက်ပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သုံးထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

သက်သေတည်

ယင်းနောက် သုံးထပ်ကျောင်းဆောင်သစ်၏ Main Lobby ၌ ဖွင့်ပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ပေါက်ဖွားမှုကို သက်သေတည် ဖော်ညွှန်းသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကလေးနည်းပညာတက္ကသိုလ် ပင်မအဆောက်အအုံသစ်ကြီးကို ယနေ့ ခမ်းခမ်းနားနား၊ မင်္ဂလာရှိရှိ ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း။

ကလေးဒေသသည် စစ်ကိုင်းတိုင်းအတွင်း၌ အကျုံးဝင်လျက်ရှိသော်လည်း ချင်းပြည်နယ်မြောက်ပိုင်း၏ အဝင်အထွက် အဓိကတံခါးဝအဖြစ် တည်ရှိနေသည့်အတွက် ကလေးဒေသ၏ ဖွံ့ဖြိုးစည်ပင် ဝပြောမှုသည် စစ်ကိုင်းတိုင်းနှင့်ရောချင်းပြည်နယ်နှင့်ပါ အဘက်ဘက်မှ ဆက်စပ်လျက်ရှိကြောင်း၊ ထို့အပြင် တစ်ဖက် အိမ်နီးချင်းနိုင်ငံနှင့် နီးကပ်စွာ တည်ရှိနေပြန်သည့်အတွက် နယ်စပ်ဒေသ ကုန်သွယ်ရောင်းဝယ်မှုနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်သွယ်မှုတို့အတွက်ပါ အရေးပါသည့် အချက်အချာဒေသဖြစ်ကြောင်း။

လက်တွေ့ခံစား

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရသည် ကလေးဒေသကို နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသ (၂၄)ခုထဲတွင် ထည့်သွင်းသတ်မှတ်ပြီး ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်သည့်ဒေသဖြစ်အောင် အစီအမံရှိရှိ ကြိုးပမ်းတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသအစီအစဉ်တွင် အကျုံးဝင်သည့် ကလေးဒေသသည် တစ်ဖက်မှလည်း နယ်စပ်ဒေသပတ်ဝန်းကျင်နှင့် ဆက်စပ်နေပြန်သည့်အတွက် နိုင်ငံတော်၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၏ အကျိုးပြုမှုကို လက်တွေ့ရရှိခံစားနေရသည့် ဒေသလည်းဖြစ်ကြောင်း။

အဆင့်မြှင့်ပြုပြင်

ယခင်က သွားရေးလာရေးခက်ခဲသည့် ဝေးလံခေါင်သီသော ဒေသဖြစ်ခဲ့သော်လည်း ယနေ့ဆိုလျှင် မိုင် ၂၅၀ကျော်ရှိသည့် ကလေး-ဂန့်ဂေါ-ပခုက္ကူ-ချောင်းဦး ရထားလမ်းကြောင်းသစ်ကို ၁၉၉၇ခုနှစ်တွင် ဖွင့်လှစ်နိုင်ခြင်း၊ ကလေး-ဂန့်ဂေါကားလမ်းနှင့် ကလေး-ကလေးဝ-ယာကြီး-မုံရွာ ကားလမ်းသစ်များ ဖောက်လုပ်နိုင်ခြင်း၊ တမူး-ကလေး-ကလေးဝကားလမ်းကို အဆင့်မြှင့်ခြင်း၊ ကလေးလေဆိပ်ကို အဆင့်မြှင့်ပြုပြင်ပေးခြင်းတို့ကြောင့် ကလေးဒေသသည် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့်ရော ကျန်ပြည်နယ်၊ တိုင်းများနှင့်ပါ

ပြည်သူ့အကျိုးပြုလုပ်ငန်း

နိုင်ငံတော်အစိုးရသည် မဖွံ့ဖြိုး မတိုးတက်သေးသည့် ပြည်နယ်၊ တိုင်းများ ဖွံ့ဖြိုးလာအောင်၊ နယ်မြေဒေသ တစ်ခုနှင့်တစ်ခုအကြား စီးပွားရေးကွာဟမှု၊ လူမှုရေးကွာဟမှုများ လျော့နည်းကျဆင်းလာပြီး တိုင်းရင်းသားအားလုံး မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာရမည်ဆိုသည့် ခံယူချက်ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မရပ်မနား လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း။

ဤနေရာတွင် ကမ္ဘာ့နိုင်ငံတိုင်းသည် ခေတ်မီတိုးတက်ရန်အတွက် မိမိနိုင်ငံ၊ မိမိလူမျိုးများ ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးအတွက် အပြိုင်အဆိုင် ယှဉ်ပြိုင်လုပ်ကိုင်ကြရာတွင် ပညာရေးသည် နိုင်ငံနှင့်လူမျိုးစု၏ ရှင်သန်မှုကို ဖော်ဆောင်နိုင်စွမ်းရှိသည့် အရင်းခံအကြောင်းတရားဖြစ်သည်ဟု ခံယူလာကြကြောင်း။

လက်တွေ့တွင်လည်း သိပ္ပံနှင့်နည်းပညာ တိုးတက်မှုကြောင့် ယနေ့ကမ္ဘာသည် မနက်ဖြန်ကမ္ဘာအဖြစ် မြန်မြန်ဆန်ဆန်ဆက်စပ်ပြီး ပြောင်းလဲတိုးတက်လျက်ရှိကြောင်း၊ ပြောင်းလဲတိုးတက်မှုများသည် အလွန်မြန်ဆန်နေသည့်အတွက် ယနေ့နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်သူများ၏ လူနေမှုဘဝ

ရင်းနှီးတည်ဆောက်

ယခုကဲ့သို့ ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို ကိုယ့်အင်ကိုယ့်အားဖြင့် တစ်ခုပြီးတစ်ခု တည်ဆောက်ပေးနိုင်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင်မြင်လာသည့်အတွက်ကြောင့်လည်း ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာလည်း နိုင်ငံတော်၏ စီးပွားရေး တိုးတက်သည်ထက် တိုးတက်အောင်မြင်အောင် စီးပွားရေး အခြေခံအဆောက်အအုံများကို ရင်းနှီးမတည်တည်ဆောက်လျက်ရှိကြောင်း။

ကလေးဒေသပါဝင်သည့် စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏ စပါးကျီအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လာနိုင်ရန်အတွက် လိုအပ်သည့် ဆည်တမံများ၊ မြစ်ရေတင်စခန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကို ရင်းနှီးထူထောင်ပေးလျက်ရှိကြောင်း၊ ကလေးဒေသတွင် စေတီဆည်၊ ဝက်ရှူဆည်၊ သနန်ဆည်၊ သပြေဆည်၊ ဆည်ကြီးဆည် စသည့် ရေလွှဲဆည်များအပြင် မဏိပူရရေလှောင်တမံနှင့် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းများကို တည်ဆောက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရသည် မဖွံ့ဖြိုး မတိုးတက်သေးသည့်ပြည်နယ်၊ တိုင်းများ ဖွံ့ဖြိုးလာအောင်၊ နယ်မြေဒေသ တစ်ခုနှင့်တစ်ခုအကြား စီးပွားရေးကွာဟမှု၊ လူမှုရေးကွာဟမှုများ လျော့နည်းကျဆင်းလာပြီး တိုင်းရင်းသားအားလုံး မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာရမည်ဆိုသည့် ခံယူချက်ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မရပ်မနား လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း။

တိုးတက်စိုက်ပျိုး

ထို့ကြောင့် စစ်ကိုင်းတိုင်း၏ စပါးစိုက်ဧက
ကျော်မှ ယခုအခါ ၂ဒသမ၃သန်း နီးပါးခန့်အထိ
ကြောင်း၊ ဆန်စပါးထွက်ရှိမှုသည် ဒေသစားသုံး
ပိုလျှံနေပြီဖြစ်ကြောင်း။

နိုင်ငံတော်က ကြိုးစားပမ်းစား ရင်းနှီးတည်
ကဲ့သို့သော စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆ
ကောင်းများကို အကျိုးရှိရှိ၊ ထိထိရောက်ရောက်
လူမှုစီးပွားရေးအခြေအနေကို တစ်နှစ်ထက်တစ်နှစ်
အားထုတ်ရန်လိုအပ်ကြောင်း၊ ကြိုးစားအားထုတ်
ဖွံ့ဖြိုးတိုးတက်နိုင်သည့် အခြေခံများသည် စစ်ကိုင်း
ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် ရေအရင်းအမြ
မြစ်ဝှမ်းတစ်လျှောက်၌ တည်ရှိနေသည့်အတွက်
ဖွံ့ဖြိုးရေးစီမံကိန်းများ တည်ဆောက်ပြီးစီးသွားမ
ကုန်ထုတ်လုပ်မှုရော၊ လူနေမှုအဆင့်အတန်းပါ
ဖြစ်ကြောင်း။

အားထုတ်လုပ်ကိုင်

နိုင်ငံတော်အပိုင်းအနေဖြင့် စစ်ကိုင်းတိုင်းကဲ
သည့် ပြည်နယ်၊ တိုင်းရော မပြည့်စုံသည့် ပြည်နယ်
မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာရန် အားထုတ်
နောင်လာနောက်သား နိုင်ငံသားများအတွက် နိုင်
လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍအလိုက် အ
လက်ဆင့်ကမ်းပေးနိုင်အောင် ရည်မှန်းချက်မြင့်မြ
ခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိ
ကောင်းစားရေး၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်
ထားပြီး စေတနာသန့်သန့်ဖြင့် မနားမနေ ကြိုးပမ်း
နိုင်ငံတော်ကြီးကို ဘက်စုံမှ ပြုပြင်တည်ဆောက်

ယှဉ်ပြီး နိုင်ငံကြီးအချို့က နည်းလမ်းမျိုးစုံသုံးပြီး
သံတမန်ရေးအရ စွပ်စွဲလုပ်ကြံမှု၊ စီးပွားရေးနှင့် ဘဏ္ဍာ
များဖြင့် အကျပ်ကိုင် လုပ်ဆောင်လျက်ရှိသည်ကို စိ
ကြရမည်ဖြစ်ကြောင်း။

ပညာတတ်များမွေးထုတ်

ယင်းသို့သော အခြေအနေ အချိန်အခါမျိုး
ကိုယ့်ခွန်ကိုယ့်အားကိုအခြေပြုပြီး နိုင်ငံတော်ကြီးက
အောင်၊ မိမိတို့၏နယ်မြေဒေသ အရှိန်အဟုန်ဖြင့်

တိုးတက်စိုက်ပျိုး

ထို့ကြောင့် စစ်ကိုင်းတိုင်း၏ စပါးစိုက်ဧကသည် ယခင်က ၁ဒသမ၂သန်းကျော်မှ ယခုအခါ ၂ဒသမ၃သန်း နီးပါးခန့်အထိ တိုးတက်စိုက်ပျိုးလာပြီဖြစ်ကြောင်း၊ ဆန်စပါးထွက်ရှိမှုသည် ဒေသစားသုံးရန်အပြင် တင်းသိန်း၈၀၀ခန့် ပိုလျှံနေပြီဖြစ်ကြောင်း။

နိုင်ငံတော်က ကြိုးစားပမ်းစား ရင်းနှီးတည်ဆောက်ပေးထားသည့် ယခုကဲ့သို့သော စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံကောင်းများကို အကျိုးရှိရှိ၊ ထိထိရောက်ရောက်အသုံးချပြီး စစ်ကိုင်းတိုင်း၏ လူမှုစီးပွားရေးအခြေအနေကို တစ်နှစ်ထက်တစ်နှစ် တိုးတက်နေအောင် ကြိုးစားအားထုတ်ရန်လိုအပ်ကြောင်း၊ ကြိုးစားအားထုတ်လျှင် ကြိုးစားအားထုတ်သမျှ ဖွံ့ဖြိုးတိုးတက်နိုင်သည့် အခြေခံများသည် စစ်ကိုင်းတိုင်း၌ ပြည့်စုံပြီးဖြစ်ကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ်များသည်လည်း ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက်၌ တည်ရှိနေသည့်အတွက် ချင်းတွင်းမြစ်ဝှမ်း လျှပ်စစ်ဖွံ့ဖြိုးရေးစီမံကိန်းများ တည်ဆောက်ပြီးစီးသွားမည်ဆိုလျှင် စစ်ကိုင်းတိုင်း၏ ကုန်ထုတ်လုပ်မှုရော၊ လူနေမှုအဆင့်အတန်းပါ ထပ်ဆင့်မြင့်တက်သွားမည်ဖြစ်ကြောင်း။

အားထုတ်လုပ်ကိုင်

နိုင်ငံတော်အပိုင်းအနေဖြင့် စစ်ကိုင်းတိုင်းကဲ့သို့ သဘာဝအခြေခံ ပြည့်စုံသည့် ပြည်နယ်၊ တိုင်းရော မပြည့်စုံသည့် ပြည်နယ်၊ တိုင်းများပါ တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာရန် အားထုတ်လုပ်ကိုင်ပေးလျက်ရှိကြောင်း၊ နောင်လာနောက်သား နိုင်ငံသားများအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍအလိုက် အခြေခံအမွေခံကောင်းများကို လက်ဆင့်ကမ်းပေးနိုင်အောင် ရည်မှန်းချက်မြင့်မြင့်မားမားထားပြီး ကြိုးပမ်းနေခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ ကောင်းစားရေး၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေးအတွက် ရည်မှန်းချက်ထားပြီး စေတနာသန့်သန့်ဖြင့် မနားမနေ ကြိုးပမ်းနေခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ နိုင်ငံတော်ကြီးကို ဘက်စုံမှ ပြုပြင်တည်ဆောက်နေချိန်တွင် ပယောဂများနှင့်

ညီညီညွတ်ညွတ် ဆက်လက်အားထည့် အလုပ်လုပ်သွားကြရမည်ဖြစ်ကြောင်း၊ နည်းပညာတက္ကသိုလ်(ကလေး)နှင့် အခြားတက္ကသိုလ်များကလည်းနိုင်ငံတော်နှင့် ဒေသကိုအကျိုးပြုမည့် အသိပညာ၊ အတတ်ပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ပြည်ထောင်စုကြီးကို မြတ်နိုးတွယ်တာ ကာကွယ်စောင့်ရှောက်မည့် ပညာတတ်များ မွေးထုတ်ပေးနိုင်အောင် တစ်ပြိုင်တည်း ကြိုးစားကြရမည်ဖြစ်ကြောင်း။

ဦးထမ်းပဲ့ထမ်း

ဤနေရာတွင် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်မှုနှင့်အညီ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ဦးထမ်းပဲ့ထမ်း ညီညွတ်စွာ ပူးပေါင်းအားထုတ် လုပ်ကိုင်ဆောင်ရွက်သွားကြရန် အမှန်လိုအပ်ကြောင်းကို ပြောကြားလိုကြောင်း။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်အရ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီး နိုင်ငံတော်သစ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲနေသည့် အဆင့်ကို ယခုအခါ ရောက်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံသားများ၏ ပညာအရည်အသွေး မြင့်မားတိုးတက်မှသာ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်အားရှိပြီး မိမိတို့နှင့်ထိုက်တန်သည့် ဒီမိုကရေစီ လူနေမှုဘဝကို မှန်မှန်ကန်ကန် ရွေးချယ်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက်လိုအပ်သည့် အသိပညာများ၊ နည်းပညာများ၊ ဗဟုသုတများ စဉ်းစားဆင်ခြင်နိုင်အားများကို ပညာရေးကသာ ဖြည့်ဆည်းပေးနေခြင်းဖြစ်ကြောင်း၊ ယနေ့ချမှတ်ထားသည့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ဤသို့ အသိပညာ ဆင်ခြင်မှုများနှင့်ယှဉ်ပြီး ပြည့်စုံစွာ အောင်မြင်အောင် ဆက်လက်ပူးပေါင်း အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း။

စကားရည်လုပြိုင်ပွဲ ပထမဆု

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အင်္ဂလိပ်ဘာသာဖြင့် စကားရည်လုပြိုင်ပွဲ၌ ပထမဆုရ B. Tech ဒုတိယနှစ်မှ မောင်မန်နောလ်အား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

အရည်အချင်းမြင့်မားသည့် လူ့အရင်းအမြစ် ပညာတတ်များ ပညာရည်မြင့်မားလာအောင် ပူးပေါင်းအားထုတ်ကြိုးပမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ နည်းပညာတက္ကသိုလ်(ကလေး) သုံးထပ်ကျောင်းဆောင်သစ်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ယှဉ်ပြီး နိုင်ငံကြီးအချို့က နည်းလမ်းမျိုးစုံသုံးပြီး နိုင်ငံရေးအရ ဖိအားပေးမှု၊ သံတမန်ရေးအရ စွပ်စွဲလုပ်ကြံမှု၊ စီးပွားရေးနှင့် ဘဏ္ဍာရေးအရ ပိတ်ပင်ကန့်သတ်မှုများဖြင့် အကျပ်ကိုင် လုပ်ဆောင်လျက်ရှိသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ မြင်တွေ့ကြရမည်ဖြစ်ကြောင်း။

ပညာတတ်များမွေးထုတ်

ယင်းသို့သော အခြေအနေ အချိန်အခါမျိုးတွင် နိုင်ငံသားအားလုံးသည် ကိုယ့်ခွန်ကိုယ့်အားကိုအခြေပြုပြီး နိုင်ငံတော်ကြီးကို ဆတက်ထမ်းပိုး တိုးတက်အောင်၊ မိမိတို့၏နယ်မြေဒေသ အရှိန်အဟုန်ဖြင့် ခိုင်ခိုင်မာမာ ဖွံ့ဖြိုးအောင်

ထူးထူးချွန်ချွန်

နိုင်ငံချုပ်အားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင်လည်းကောင်း၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း၊ လိုအပ်နေသည့် အရည်အချင်း

မြင့်မားသော လူ့အရင်းအမြစ် ပညာတတ်များ ပေါ်ထွက်လာအောင်၊ ထို့အပြင် မိမိတို့နှင့်ထိစပ်နေသည့် ပြည်သူများ၏ ပညာရည်မြင့်မားလာအောင် နည်းပညာတက္ကသိုလ်(ကလေး)က ထူးထူးချွန်ချွန် ပူးပေါင်းအားထုတ် ကြိုးစားကြပါဟု မှာကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီး ဒေါက်တာဘုန်းကျော်က နည်းပညာတက္ကသိုလ်(ကလေး)နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကျေးဇူးတင်ဝမ်းမြောက်

ထို့နောက် B.Tech (Second Year) ကျောင်းသား မောင်မန်နောလ်က ကလေးဒေသ၌ နည်းပညာတက္ကသိုလ်(ကလေး) ဖွင့်လှစ်ပေးခြင်းအတွက် နိုင်ငံတော်အား ကျေးဇူးတင်ဝမ်းမြောက်စကားကို အင်္ဂလိပ်ဘာသာဖြင့်တင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အင်္ဂလိပ်ဘာသာဖြင့် စကားရည်လုပြိုင်ပွဲ၌ ပထမဆုရ B. Tech ဒုတိယနှစ်မှ မောင်မန်နောလ်၊ ဒုတိယဆုရ B.E (Electronics) မှ မောင်လျှန်မွှန်ထန်၊ တတိယဆုရ A.G.T.I ဒုတိယနှစ် (Civil) မှ မောင်ဇင်မင်းဦး တို့အားလည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲ၌ ပထမဆုရ B.E (Electronics) မှ မရဝေမိုးမြင့်၊ ဒုတိယဆုရ A.G.T.I ပထမနှစ် (Civil) မှ မခင်စန္ဒာ၊ တတိယဆုရ A.G.T.I ဒုတိယနှစ် (Electrical Power) မှ မဝင်းစန္ဒာကျော်တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က နည်းပညာတက္ကသိုလ်(ကလေး)အတွက် အားကစားပစ္စည်းများကို ကျောင်းအုပ်ကြီး ဒေါက်တာဘုန်းကျော်အား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သုံးထပ်ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများ၊ ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

နည်းပညာတက္ကသိုလ်(ကလေး)ကို ကလေးမြို့တောင်ဘက် ငါးမိုင်ခန့်အကွာ ကလေး-ဂန့်ဂေါ ကားလမ်းဘေး၌ တည်ဆောက်ထားသည်။

အဆင့်မြှင့်တင်

၁၉၉၉ခုနှစ် ဒီဇင်ဘာ ၂၇ရက်တွင် အစိုးရစက်မှုလက်မှုသိပ္ပံအဖြစ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၁ခုနှစ် အောက်တိုဘာ ၅ရက်တွင် အစိုးရနည်းပညာ ကောလိပ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ နည်းပညာတက္ကသိုလ်အဖြစ် ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၀ရက်က အဆင့်မြှင့်တင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယနေ့ဖွင့်လှစ်သည့် သုံးထပ်ကျောင်းဆောင်သစ်မှာ အလျား ၅၁၃ပေ၊ အနံ ၃၅၈ ပေရှိသည်။ ကျောင်းဆောင်သစ်၌ ပေ ၄၀ x ပေ၃၀ ရှိ စာသင်ခန်း ၃၈ခန်း၊ ရုံးခန်းသုံးခန်း၊ စာကြည့်တိုက်တစ်ခန်းတို့ပါရှိသည်။ ထို့အပြင် Main Lobby နှင့် ဘွဲ့နှင်းသဘင်ခန်းမတို့ကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။

သင်ကြား

နည်းပညာတက္ကသိုလ်(ကလေး)မှ မြို့ပြအင်ဂျင်နီယာသင်တန်း၊ အီလက်ထရွန်နစ်အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအားသင်တန်း၊ စက်မှုစွမ်းအားသင်တန်း၊ CNC သင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ နည်းပညာတက္ကသိုလ်(ကလေး)မှ ပါရဂူဘွဲ့ရရှိသူ အပါအဝင် အင်ဂျင်နီယာပညာရှင်များကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

(သတင်းစဉ်)

နည်းပညာတက္ကသိုလ် (ကလေး) သုံးထပ်ကျောင်းဆောင်သစ်

နည်းပညာတက္ကသိုလ် (ကလေး) သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

အပြောနဲ့လက်တွေ့ အမှားနဲ့အမှန် ဝေဖန်သင့်ပြီ

"ကိုအောင်ပြန်လာပြီလား---"

"တာဝန်(On Duty)နဲ့ လာတာပါဗျာ"

"ကိုအောင်၊ ခင်ဗျားကို မေးချင်နေတာတစ်ခုရှိတယ်"

"ဆိုဗျာ"

"ခင်ဗျား တက္ကသိုလ်မှာ နေစဉ်တုန်းက နိုင်ငံရေး အတော်လေ့လာပြီး ကျုပ်တို့အထဲမှာ အလွန်တက်ကြွခဲ့တဲ့လူပဲ၊ အခုငြိမ်ချက်သား ကောင်းလှချည်လား"

"ကျုပ်အကြောင်း မသိလို့ပါ"

"ဘာအကြောင်းလဲဗျ"

"ကျုပ်ငယ်ငယ်က နိုင်ငံရေးကိုအလေးအနက်ထားပြီး လေ့လာခဲ့တယ်ဆိုတာ မှန်တယ်၊ လူငယ်ဘဝ တက်ကြွခဲ့တယ်ဆိုတာလဲ မှန်တယ်။ ငြိမ်ချက်သားကောင်းနေတယ်ဆိုတာလဲ မှန်တယ်။ ကျုပ်အဖေက ပြောခဲ့ဖူးတယ်။ နိုင်ငံရေးသမားတွေဟာ ကျောက်ဆင်းတု ခေါင်းညိတ်သွားအောင် ပြောတတ်ကြတယ်။ မယုံနဲ့တဲ့။ နိုင်ငံရေးသမားတွေ လှည့်စားတာ မခံရအောင် နိုင်ငံရေးကို အလေးအနက်လေ့လာပါလို့ပြောခဲ့တယ်။ ဒါကြောင့် အဖေ့ကို ကျုပ်ကတိတစ်ခုပေးလိုက်ရတယ်။ တစ်သက်လုံး နိုင်ငံရေး မလုပ်ပါဘူး။ နိုင်ငံရေးသမားမလုပ်ပါဘူးဆိုတဲ့ ကတိပဲ"

"ကျုပ်အဖေဟာ သူ့ဘဝနဲ့ယှဉ်ပြီး ပြောခဲ့တယ်။ သူဟာ တောသူတောင်သား၊ နယ်ချဲ့တော်လှန်ရေးနဲ့ ဖက်ဆစ်တော်လှန်ရေးကာလကို ဖြတ်သန်းခဲ့ရတယ်။ ပြည်တွင်းစစ်မှာလဲ မြေစာပင်ဖြစ်ခဲ့ရတာပေါ့ဗျာ။ နိုင်ငံရေးသမားတွေ ကျုပ်တို့ရွာရောက်ရင် အနီကတစ်မျိုး၊ အဝါကတစ်ဖုံ၊ အဖြူကတစ်နည်းနဲ့ မစားရဝခမန်း ပြောခဲ့ကြတာချည်းပဲ၊ နောက်ဆုံးတော့ ကျုပ်တို့ ဘိုးဘွား လက်ထက်က ပိုင်ဆိုင်ခဲ့တဲ့ လယ်မြေ၊ အိမ်ရာ၊ ကျွဲနွား ပစ်ထားခဲ့ပြီး ရွာကို စွန့်ခွာထွက်ပြေးခဲ့ရတယ်၊ အိမ်မီးရှို့၊ လယ်ယာမြေဝေခြမ်း၊ ကျွဲသတ်၊ နွားသတ် စားတော်ခေါ်၊ လူသတ်၊ ဓားပြတိုက်၊ မုဒိမ်းကျင့်နေတဲ့အရပ်မှာ ဘယ်လို အသက်ရှင်ရပ်တည်နိုင်ပါ့မလဲဗျာ။ ဒါပြည်တွင်းသောင်းကျန်းမှုရဲ့ ဒဏ်ရာ ဒဏ်ချက်တွေပဲ"

"ပါလီမန်ခေတ်မှာတော့ အဲဒီလူတွေပဲ ခေါင်းပေါင်းစ တလူလူနဲ့ လွှတ်တော်မှာ မင်းမူနေခဲ့ကြပြန်တယ်။ ကျုပ်တို့ရွာကို လှည့်ကြည့်ဖော် မရပါဘူး။ သူတို့တစ်တွေ ကျုပ်တို့အရပ်မှာ ကြီးစိုးစဉ်က ခိုင်းရာလုပ်၊ စေရာသွား၊ တောင်းတာမှန်သမျှ ပေးခဲ့ရတဲ့ ကျုပ်တို့တောသားတွေကို မျက်နှာချင်းဆိုင်တွေ့ရင်တောင် ဆေးဖော်ကြောဖက်မလုပ်ခဲ့ကြဘူး။ အဲဒါကို အဖေက ရင်အနာဆုံးပဲ"

"ဒါကြောင့် ကျုပ်ကို နိုင်ငံရေးမလုပ်ပါဘူးဆိုတဲ့ ကတိကို တောင်းခဲ့တာပဲ။ နိုင်ငံရေးသမားဆိုတာ အပြောနဲ့အလုပ်က ပြဒါးတစ်လမ်း၊ သံတစ်လမ်းပဲ။ ပြောမယုံ ကြုံဖူးမှသိဆိုသလိုပဲ ကြာလေမှန်လေဆိုတာ ကျုပ်လေ့လာရင်း လေ့လာရင်း ယခင်သိထားတာထက် ပိုသိလာတယ်။ ကျုပ်လဲ ကိုယ့်တိုင်းပြည်ရဲ့ ဒုက္ခ၊ သုက္ခတွေကို ကိုယ်တိုင်ဖြတ်သန်းခဲ့ပြီးပြီလေ"

"ကောင်းတဲ့ နိုင်ငံရေးသမားတွေလဲ ရှိပါတယ်ဗျာ"

"ရှိတော့ရှိတယ်၊ ရှားတယ်၊ ခင်ဗျားသုံးသပ်ကြည့်လေဗျာ။ လွတ်လပ်ရေး ကြိုးပမ်းစဉ်က တိုင်းချစ် ပြည်ချစ်စိတ်နဲ့ ကြိုးပမ်းခဲ့ကြတဲ့သူတွေ၊ ဒီဘက်ပိုင်းမှာ ဘာဖြစ်ခဲ့ကြသလဲ၊ ဆင်စွယ်ရွာမှာ ရွာလုံးကျွတ် လူတွေ သတ်ခဲ့တယ်။ ရိုးမတစ်ကြောမှာ လည်မျိုကို ဝါးရင်းတုတ်နဲ့ မသေမချင်း ရိုက်သတ်ခဲ့ကြတယ်၊ ဖြုတ်၊ ထုတ်၊ သတ် ဓာတ်လမ်းတွေ နားမဆံ့အောင် ကြားခဲ့၊ သိခဲ့ရတယ်။ ကိုကြီးနုကော ဘာထူးလဲ။ ပြည်ပြေး အစိုးရဖွဲ့ပြီး တိုင်းပြည်ပုန်ကန်ခဲ့တာပဲ မဟုတ်လား။ ဗိုလ်ကျော်ဇောလဲ ဒီလိုပဲ။ ငယ်စဉ်ကတော့ ပြည်တွင်း ငြိမ်းချမ်းရေးကို ကြွေးကြော်ခဲ့လို့ အထင်ကြီးမိတယ်။ အခု ဘာလုပ်နေသလဲ။ အခု ၂၁ရာစုထဲ ရောက်နေပြီ။ ကျွန်ခေတ်က အတွေးအခေါ်၊ အယူအဆတွေ၊ ကွန်မြူနစ်နဲ့ အရင်းရှင်ဝါဒရေးရာ တိုက်ပွဲပြင်းထန်တဲ့ စစ်အေးကာလက အတွေးအခေါ် အယူအဆတွေနဲ့ နောက်ကြောင်းပြန်ဆွဲနေတုန်းပဲ"

ကျုပ်အဘိုးတွေ၊ ကျုပ်အဖေတွေ လွတ်လပ်ရေးကြိုးပမ်းစဉ်က မထင်ရှားတဲ့ဘဝမှာ အနစ်နာခံ၊ ဒုက္ခခံပြီး ပါဝင်ခဲ့တာကို ကျုပ်အနေနဲ့ အခုထိ ဂုဏ်ယူလို့ မဆုံးသေးဘူး၊ သူတို့ဟာ သာမန်ပြည်သူပြည်သား တစ်ယောက်အနေနဲ့ မေ့ပျောက်ခြင်းခံရပြီး ကွယ်လွန်သွားကြပါပြီ။ ဒါပေမယ့် ကျုပ်မမေ့ဘူး၊ သူတို့အပေါ်သစ္စာစောင့်သိတဲ့အနေနဲ့ ကျုပ်တိုင်းပြည်အပေါ် သစ္စာမဖောက်ဘူး။ ပြည်ပအားကိုးပုဆိန်ရိုး မဖြစ်အောင်လဲ ထိန်းသိမ်းတယ်။

"အေးဗျာ၊ အရင်က ကျွန်တော်တို့ လေးစားခဲ့တဲ့ ပုဂ္ဂိုလ်အတော်များများဟာ အသက်ကြီးလာရင် နာမည်ပျက်တာ များတယ်"

"မှန်တာပေါ့ဗျာ"

"ဒါနဲ့ ဗိုလ်ချုပ်အောင်ဆန်းကို ခင်ဗျား ဘယ်လိုမြင်သလဲ"

"အမျိုးသား လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလရဲ့ ခေါင်းဆောင်၊ တပ်မတော် ဖွဲ့စည်းစဉ်ကာလရဲ့ ခေါင်းဆောင်၊ တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်ပေးခဲ့တဲ့ ခေါင်းဆောင်လို့ မြင်တယ်။ ကျုပ်လေးစားတယ်။ ကမ္ဘာမှာကြည့်ရင် သူ့လို စွန့်လွှတ်စွန့်စားတဲ့ အမျိုးသားခေါင်းဆောင်တွေ ရှိတယ်။ လေးစားဂုဏ်ယူထိုက်တယ်"

"ဆက်ပြောပါဦး"

"ဗိုလ်ချုပ်ကို ကျုပ်က နိုင်ငံ့လွတ်လပ်ရေးဖခင်ဆိုတာထက် ပုဂ္ဂိုလ်ရေးအရကို လေးစားကြည်ညိုခဲ့တဲ့သူပါ၊ ကျုပ်အပြောအဆိုတွေ ဘုကလန့်မကျခဲ့ဘူးလား။ ကျုပ်အပြုအမူတွေမှာ ယဉ်ကျေးသိမ်မွေ့တာ မြင်ခဲ့တွေ့ခဲ့ဖူးသလား။ ကျုပ်သူ့ကို အမြဲအတုယူခဲ့တာပဲ။ လုပ်သင့်တာလုပ်မယ်၊ အပိုတွေ မပြောဘူး။ တိုင်းပြည်အတွက် အသက်စွန့်သင့်ရင် စွန့်မယ်၊ မတွေဝေဘူး။ သူ့ရဲ့ တိုင်းချစ်ပြည်ချစ်စိတ်၊ အာဇာနည်စိတ်ဓာတ်တွေ အားကျပြီး အတုယူခဲ့တယ်"

"သူဟာ နိုင်ငံရဲ့ လွတ်လပ်ရေး ဖခင်ပဲ။ သူ့ကြောင့် လွတ်လပ်ရေး ရခဲ့တာ မဟုတ်လား"

"ဟုတ်တယ်၊ သူဟာ နိုင်ငံရဲ့ ဖခင်ပဲ။ ဘယ်သူ တစ်ဦးတစ်ယောက်မှ မပိုင် လုပ်လို့ရတဲ့လူ မဟုတ်ဘူး။ သူ့မိသားစုလဲ မပိုင်ဘူး။ ကျုပ်လဲ မပိုင်ဘူး။ နိုင်ငံကပဲ ပိုင်တယ်"

"တိုင်းပြည်လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ ထင်ရှားတဲ့ ခေါင်းဆောင်တစ်ယောက်ဆိုတာ မှန်တယ်။ ဒါပေမယ့်

တိုကြားမင်းခေါင်

ပြည်သူတွေရဲ့ ကဏ္ဍကိုလဲ မေ့ထားလို့မရဘူး။ ကျုပ်တို့ အဘိုးတွေ၊ ကျုပ်တို့ အဖေတွေ၊ ပြည်သူပြည်သားတွေကလဲ အနစ်နာခံ၊ ဒုက္ခခံ၊ အညှဉ်းပန်းခံ၊ အသေခံပြီး သစ္စာရှိခဲ့ကြ၊ စည်းလုံးခဲ့ကြ၊ အားပေးခဲ့ကြ၊ ပါဝင်ခဲ့ကြတဲ့ ကဏ္ဍကို မေ့ဖျောက်ထားလို့မရဘူး"

"မှန်ပါတယ်၊ မှန်ပါတယ်"

"ကျုပ်အဘိုးတွေ၊ ကျုပ်အဖေတွေ လွတ်လပ်ရေးကြိုးပမ်းစဉ်က မထင်ရှားတဲ့ ဘဝမှာ အနစ်နာခံ၊ ဒုက္ခခံပြီး ပါဝင်ခဲ့တာကို ကျုပ်အနေနဲ့ အခုထိ ဂုဏ်ယူလို့ မဆုံးသေးဘူး၊ သူတို့ဟာ သာမန်ပြည်သူပြည်သား တစ်ယောက်အနေနဲ့ မေ့ပျောက်ခြင်းခံရပြီး ကွယ်လွန်သွားကြပါပြီ။ ဒါပေမယ့် ကျုပ်မမေ့ဘူး၊ သူတို့အပေါ်သစ္စာစောင့်သိတဲ့အနေနဲ့ ကျုပ်တိုင်းပြည်အပေါ် သစ္စာမဖောက်ဘူး။ ပြည်ပအားကိုးပုဆိန်ရိုး မဖြစ်အောင်လဲ ထိန်းသိမ်းတယ်"

"လွတ်လပ်ရေးကြိုးပမ်းစဉ်က ကျွန်တော်တို့ခေါင်းဆောင်တွေ ညီညွတ်ခဲ့ကြတယ်နော်"

"ဒါကတော့ ရှင်းပါတယ်။ လွတ်လပ်ရေးအတွက် ကြိုးပမ်းရတာ ဒုက္ခရောက်မယ်၊ ပင်ပန်းဆင်းရဲမယ်၊ ဒဏ်ရာအနာတရကြောင့် ဒုက္ခိတဖြစ်မယ်၊ အသက်စွန့်ကောင်း စွန့်ရမယ်၊ ဘာအခွင့်အရေးမှ မရှိဘူး။ လွတ်လပ်ရေးဟာ ပန်းတိုင်ပဲ။ အခွင့်အရေးနဲ့ အာဏာလုနေတာမဟုတ်ဘူး"

"လွတ်လပ်ရေးရပြီးတော့ ဘယ်လိုဖြစ်တာလဲ"

"သမိုင်းဖတ်ကြည့်ပေါ့ဗျာ။ နိုင်ငံရေးသမားတွေကြားထဲမှာ အကွဲအပြဲဓာတ်လမ်းဟာ လွတ်လပ်ရေး မရခင်ကရော၊ ရပြီးတော့ရော ရှိခဲ့ကြတယ်။ ရှိနေဆဲပဲ။ ဓာတ်ပေါင်းခန်းကို မရောက်နိုင်ဘူး။"

"ဘာဖြစ်လို့လဲ"

"အာဏာပေါ့ဗျာ၊ အာဏာမက်ကြတာ၊ အာဏာလုကြတာ၊ အာဏာရဲ့နောက်မှာ ရမယ့်အခွင့်အရေးတွေကို မျှော်ကိုးပြီး လုပ်နေကြတာ၊ နိုင်ငံရေးသမား မဟုတ်ဘူး။ နိုင်ငံရေးလုပ်စားနေတာ။ နိုင်ငံရေး လုပ်စားနေတဲ့ နိုင်ငံရေးသမား အမျိုးမျိုးရှိတယ်"

"ဘာလဲဗျ၊ ခင်ဗျားနဲ့စကားပြောရတာ အထူးအဆန်းတွေချည်းပဲ"

"ကျုပ်အမြင်ပြောတာပါ၊ နိုင်ငံရေးသမားဆိုတဲ့အဓိပ္ပာယ်ကို ကျမ်းစာအုပ်တွေမှာ အမျိုးမျိုး ရှင်းလင်းဖော်ပြထားပါတယ်။ ကျုပ်တို့နိုင်ငံမှာတော့ လူအမျိုးမျိုးရှိသလို နိုင်ငံရေးသမား အမျိုးမျိုးရှိတယ်။ ခါတော်မီ နိုင်ငံရေးသမား၊ ရွှေကြို နိုင်ငံရေးသမား၊ ပွဲလန့်ဖျာခင်းတဲ့ နိုင်ငံရေးသမား၊ မင်းသားမလုပ်ရလို့ ပတ်မဖောက်တဲ့ နိုင်ငံရေးသမား၊ ဟိုယိမ်းဒီယိမ်း နိုင်ငံရေးသမား၊ အချောင်နှိုက် နိုင်ငံရေးသမား၊ သူရဲကောင်းဖြစ်ချင်တဲ့ နိုင်ငံရေးသမား၊ စတန့်ထွင်ချင်တဲ့ နိုင်ငံရေးသမား၊ ယောင်ဝါးဝါး နိုင်ငံရေးသမား၊ လက်သုပ်စုံ နိုင်ငံရေးသမား စသည် စသည်ဖြင့် သူတို့ရဲ့ ဗီဇနဲ့ အကျင့်စရိုက်ပေါ်မူတည်ပြီး အမျိုးမျိုး ခွဲလို့ရတယ်"

"များလှချည်လားဗျာ"

"ဒီထက်ပိုသေးတယ်၊ အာဏာကို ဖြတ်လမ်းကအုပ်ချင်တဲ့ နိုင်ငံရေးသမားနဲ့ ရုပ်သေးရုပ် နိုင်ငံရေးသမားတွေ"

"ဆိုပါဦး"

"မိဘရင်ကို ခြေစုံကန်ပြီး ပြည်ပြေး နိုင်ငံရေးသမား၊ ဝရမ်းပြေး နိုင်ငံရေးသမား၊ ဆွံ့အ နားမကြား၊ မျက်မမြင်နိုင်ငံရေးသမား စတာတွေပေါ့ဗျာ"

"ဘာလဲဗျ၊ ဆွံ့အ နားမကြား၊ မျက်မမြင်နိုင်ငံရေးသမားဆိုတာ မကြားဖူးပေါင်ဗျာ"

"ဒါကျုပ်ရဲ့ တင်စားပြောတဲ့ နာမဝိသေသန တစ်ခုပါ"

"ဘာလဲဗျ"

"လိုရင်းပြောချင်တာက လက်ရှိအစိုးရလုပ်နေတဲ့ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေ၊ ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းတွေ၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းတွေ၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်အောင် အကောင်အထည်ဖော်ရေးလုပ်ငန်းတွေဟာ အရှိတရားတွေပဲ။ အဲဒီအရှိတရားတွေကို မမြင်တာ ကန်းနေလို့ပေါ့ဗျာ၊ မကြားတာ နားထိုင်းနေလို့ပေါ့၊ ထုတ်ဖော်မပြောတာ အ,နေလို့ပေါ့၊ မရှင်းဘူးလား"

"မသိလို့များလားဗျာ"

"ဒါဆိုလဲ စိတ်မနှံ့တဲ့ နိုင်ငံရေးသမားလို့ ဆိုရမှာပေါ့"

"ဟာဗျာ–ကိုအောင်က ပြောလိုက်ရင် တဲ့တိုးချည်းပဲ"

"လိုရင်း တိုရှင်းပေါ့ဗျာ"

"ခင်ဗျားကြည့်ရတာ နိုင်ငံရေးသမားတွေအပေါ်အမြင်မကြည်သလိုဘဲ"

"အမြင်ကြည်စရာ နိုင်ငံရေးသမားတွေရော ရှိရဲ့လား၊ ပြစမ်းပါ"

"ကျွန်တော်တော့ မပြောတတ်ဘူးဗျာ"

"ပြောလို့ရပါတယ်၊ နိုင်ငံရေးဆိုတာ တိုင်းပြည်နဲ့ ပြည်သူအကျိုးကိုသာ ရှေးရှု၊ ပြည်သူတွေရဲ့ဘဝ ကုံလုံပြည့်ဝပြီး အေးချမ်းအောင်သာလုပ်၊ မိမိလုပ်နိုင်ရင်လုပ်၊ မလုပ်နိုင်သေးရင် ဘယ်သူလုပ်လုပ် လုပ်နေတဲ့သူကို အသိအမှတ်ပြု၊ ပူးပေါင်းလုပ်ဆောင်၊ ဝိုင်းဝန်းကူညီ၊ ဒါပါပဲ၊ ကိုယ်ကျိုးမပါ အာဏာမရှူးဘဲ ဖြောင့်မတ်ဖြူစင်တဲ့ စိတ်ထားရှိပြီး ပြည်သူအကျိုး သယ်ပိုးသူသာလျှင် နိုင်ငံရေးသမားကောင်းလို့ ဆိုရမှာပဲ"

"မကောင်းတဲ့ နိုင်ငံရေးသမားကရော"

"ပြောပြီးပြီပဲ၊ နိုင်ငံရေးလုပ်စားတဲ့သူတွေ၊ ကဖျက် ယဖျက်လုပ်တဲ့သူတွေ၊ ရင်းနှီးမြှုပ်နှံမှု မလုပ်ပါနဲ့ ဆိုသူတွေ၊ ကမ္ဘာလှည့် ခရီးသည်များ မလာပါနဲ့ဦးလို့ ပြောနေသူတွေ၊ ပိတ်ပါ၊ ဆို့ပါ၊ ကျဉ်းထဲကျပ်ထဲ ရောက်အောင်လုပ်ပါ ဆိုသူတွေဟာ တိုင်းပြည်နဲ့ ပြည်သူကို ကောင်းကျိုးပြုနေတာလား၊ ဆိုးကျိုးပြုနေတာလား၊ စဉ်းစားပေါ့ဗျာ"

"ခင်ဗျား သဘောကရော"

"နိုင်ငံရေးသမား ပီသရင် – လာမယ့် ရွေးကောက်ပွဲမှာ ဝင်ပြိုင်လေဗျာ၊ နိုင်ငံရေးဟာ ရေတိုမဟုတ်ဘူး၊ ရေရှည်။ ပေါ်ပင်မဟုတ်ဘူး၊ ထာဝရအလုပ်။ သားစဉ်မြေးဆက် လုပ်မြဲ လုပ်နေရတဲ့ လုပ်ငန်းပဲ။ အာဏာရဖို့ မဟုတ်ဘူး၊ ပြည်သူ့အကျိုးကို မျက်ခြည်မပြတ် လုပ်နေရတဲ့ အလုပ်။ အုတ်တစ်ချပ်၊ သဲတစ်ပွင့်တောင် သယ်ဖော်မရဘဲ အပိုတွေပြောနေလို့ကတော့ မောရုံပဲရှိမယ်"

"ကိုအောင်ရေ – ခင်ဗျားနဲ့ စကားပြောရတာ၊ တွေးစရာတွေချည်းပဲ"

"တွေးလေ ကောင်းလေပေါ့ဗျာ – အတွေးမှာတင် ရပ်မထားဘဲ၊ ဆင်ခြင်ပါ၊ သုံးသပ်ပါ၊ အရှည်ကို မြော်မြင်ပါ။ တွေးခေါ် မြော်မြင် ဆင်ခြင်သုံးသပ်နိုင်လေ နိုင်ငံရေးသမားစကားတွေဟာ အလကားပဲ၊ လေဖမ်းဒန်းစီးပြီး အမှိုက်ကစ ပြာသာဒ်မီးလောင်အောင် လုပ်နေတယ်ဆိုတာ ခင်ဗျား သိလာမှာပါ။ မိမိကိုယ် မိမိ ယုံကြည်မှုတွေ ရလာမှာပါ၊ အပြောမကြည့်နဲ့ လက်တွေ့ကြည့်ပေါ့ဗျာ"

"ကိုအောင်၊ အခု ဘာတွေလုပ်နေသလဲ"

"ပြည်သူထဲက ပြည်သူတစ်ယောက်ပဲလေဗျာ– ကျရာတာဝန်ကို အပြောထက် လက်တွေ့ကျေပွန်အောင် လုပ်နေတယ်"

"ကိုအောင်နဲ့ တွေ့ချင် ဆုံချင်သေးတယ်"

"တွေ့ခွင့်ကြုံရင် ဆုံကြသေးတာပေါ့"။ ။

ထင်ပေါ်ကျော်ကြား အာရှအနုပညာရှင်များ

ပြည်ပအနုပညာသတင်း - မိုးမြင့်လင်းလက်　　စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ဆိုးလ် ဖေဖော်ဝါရီ ၄

အနုပညာအရည်အသွေးရှိပြီး ကြိုးစားမှုလည်းရှိကြတဲ့ သရုပ်ဆောင်တွေဟာ ကိုယ့်မိခင်နိုင်ငံမှာသာမက တခြား ပြည်ပနိုင်ငံတွေအထိသာမကဘဲ ကမ္ဘာကျော်တဲ့အထိ အောင်မြင်မှုတွေ ရရှိတတ်ကြပါတယ်။ အဲဒီလို သရုပ်ဆောင်အနုပညာတွေထဲမှာ တောင်ကိုရီးယားက အဆိုတော်နဲ့ ရုပ်ရှင်သရုပ်ဆောင် ရိန်း၊ တရုတ်နိုင်ငံမှ အမျိုးသမီးရုပ်ရှင်သရုပ်ဆောင် ဂေါင်လီနဲ့ အိန္ဒိယနိုင်ငံက ကမ္ဘာကျော် ရုပ်ရှင်သရုပ်ဆောင် ရှာရွတ်ခန်တို့ ပါဝင်ကြပါတယ်။

တောင်ကိုရီးယားအဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင်ရိန်း



တောင်ကိုရီးယား အဆိုတော်နဲ့ ရုပ်ရှင်သရုပ်ဆောင်ရိန်းဟာ ရုပ်ရှင်သရုပ်ဆောင်မှုအပိုင်းမှာရော သီချင်းဆိုမှုဘက်မှာပါ အောင်မြင်ကျော်ကြားတဲ့ အနုပညာရှင်တစ်ဦး ဖြစ်ပါတယ်။ အာရှရဲ့ အအောင်မြင်ဆုံး တေးဂီတအနုပညာရှင်တွေထဲမှာတော့ ရိန်းဟာ ထိပ်ဆုံးက ရပ်တည်နေတဲ့သူတစ်ဦး ဖြစ်ပါတယ်။

ရိန်းဟာ မကြာခင်မှာ အမေရိကန်နိုင်ငံကိုသွားရောက်ပြီး ဟောလီးဝုဒ်မှာ ရုပ်ရှင်ရိုက်ကူးတော့မှာဖြစ်ပြီး သူရိုက်ကူးမယ့် ရုပ်ရှင်ဇာတ်ကားကတော့ Speed Racer ဖြစ်ပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားဟာ ဟောလီးဝုဒ်မှာတော့ ရိန်းနဲ့ ဒုတိယမြောက်ရိုက်ကူးတဲ့ ဇာတ်ကားလည်း ဖြစ်ပါတယ်။

ဒါ့အပြင် ရိန်းဟာ လောလောဆယ်မှာ သူ့ရဲ့တေးသီချင်းအယ်လ်ဘမ်တစ်ခုကို ကမ္ဘာတစ်ဝန်းသို့ ဖြန့်ချိထားပြီဖြစ်ပါတယ်။ အမေရိကန် စီးပွားရေးမဂ္ဂဇင်းတွေကတော့ ရိန်းဟာ ကမ္ဘာ့ တေးဂီတ အနုပညာရှင်တွေထဲမှာ အောင်မြင်မှုအရဆုံးနဲ့ ဝင်ငွေအကောင်းဆုံး အဆိုတော်တွေရဲ့စာရင်းမှာ ပါဝင်နေတယ်လို့ ဆိုပါတယ်။ ရိန်းဟာ လာမယ့်မတ်လဆန်းမှာ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတစ်ခု ရိုက်ဖို့ ရှိနေတယ်လို့လည်း ပြောကြားပါတယ်။ ရိန်းကို ဂျပန်ရုပ်ရှင်ကုမ္ပဏီတစ်ခုက ရုပ်ရှင်ဇာတ်ကား ရိုက်ကူးဖို့ ကမ်းလှမ်းမှုရှိနေတာမို့ ဂျပန်မှာ ရိန်းရုပ်ရှင်ဇာတ်ကားသွားရိုက်ဖို့ အစီအစဉ်ဖြစ်ပေါ်လာတော့မှာမို့ ဂျပန်ပရိသတ်တွေ အကြိုက်တွေ့ဦးမယ့် အနေအထားဖြစ်ပါတယ်။

အမေရိကန် စီးပွားရေးမဂ္ဂဇင်းတွေကတော့ ရိန်းဟာ တေးဂီတ အနုပညာတွေမှာ အောင်မြင်မှုအရဆုံးနဲ့ ဝင်ငွေအကောင်းဆုံး အဆိုတော်တွေရဲ့ စာရင်းမှာ ပါဝင်နေ။

ရှာရွတ်ခန်ဟာ အိန္ဒိယနိုင်ငံမှာ လူငယ်တွေ ဆေးလိပ် မသောက်ကြရေးအတွက် နိုးဆော်မှု၊ စည်းရုံးမှုတွေ ပြုလုပ်နေ။

အသက်၄၁နှစ်ရှိပြီဖြစ်တဲ့ ဂေါင်လီဟာ လောလောဆယ်မှာတော့ ၂၀၀၈ ပေကျင်း အိုလံပစ်ပြိုင်ပွဲရဲ့ ဖျော်ဖြေရေးအစီအစဉ်တွေမှာ ပါဝင်နေတာမို့ မအားမလပ်အောင် ရှိနေ။

အိန္ဒိယရုပ်ရှင် ဘောလီးဝုဒ် စူပါစတား ရှာရွတ်ခန်



အာရှရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်တွေထဲမှာ ကမ္ဘာကျော်သူ တစ်ဦးကတော့ အိန္ဒိယရုပ်ရှင်မင်းသား ရှာရွတ်ခန် ဖြစ်ပါတယ်။ ရှာရွတ်ခန်ဟာ ၁၉၆၅ခုနှစ် နိုဝင်ဘာ၂ရက်မှာ မွေးဖွားခဲ့တာမို့ အခုဆိုရင် အသက် ၄၃နှစ် ရှိနေပြီဖြစ်တဲ့ ရုပ်ရှင်သရုပ်ဆောင် တစ်ဦး ဖြစ်ပါတယ်။

အားပေးမှု

ရှာရွတ်ခန်ဟာ အိန္ဒိယနိုင်ငံမှာရော အာရှမှာပါ ပရိသတ်အားပေးမှုအများဆုံး ရရှိထားတဲ့ သရုပ်ဆောင်တစ်ဦး ဖြစ်ပါတယ်။ ၁၉၉၃၊ ၁၉၉၅၊ ၁၉၉၇၊ ၁၉၉၈၊ ၂၀၀၀၊ ၂၀၀၂ နဲ့ ၂၀၀၄ခုနှစ်တွေမှာ အကောင်းဆုံး အမျိုးသားရုပ်ရှင် သရုပ်ဆောင်ဆု ရရှိခဲ့သူဖြစ်လို့ သူ့ရဲ့အနုပညာ အရည်အသွေးက ထိပ်တန်းအဆင့်မှာ ရှိပါတယ်။

အားပေး

ရှာရွတ်ခန်ဟာ ဘောလီးဝုဒ်မှာတော့ အောင်မြင်တဲ့ ရုပ်ရှင်သရုပ်ဆောင် တစ်ဦးဖြစ်သလို သူ့ရဲ့ ရုပ်ရှင်ကားတွေ ကိုလည်း အားပေးလက်ခံမှုရှိလို့ အသက်အရွယ် ရလာပေမယ့် အောင်မြင်နေဆဲ ရုပ်ရှင် သရုပ်ဆောင်တစ်ဦး ဖြစ်ပါတယ်။ ရှာရွတ်ခန်ဟာ လောလောဆယ်မှာတော့ အိန္ဒိယနိုင်ငံမှာ လူငယ်တွေ ဆေးလိပ်မသောက်ရေးအတွက် နိုးဆော်မှု၊ စည်းရုံးမှုတွေ ပြုလုပ်နေပါတယ်။ အရင်က ရုပ်ရှင်ဇာတ်ကားတွေထဲမှာ ပြည်သူတွေ အတုယူမှားစေမယ့် ဆေးလိပ်သောက်ခန်းတွေ သရုပ်ဆောင်ခဲ့ပေမယ့် အခုနောက်ပိုင်းမှာတော့ လူတွေဆေးလိပ် မသောက်ကြဖို့ အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တခြားလူမှုရေးအဖွဲ့အစည်းတွေမှာလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေတဲ့အပြင် မကြာမီမှာ အချစ်၊ အကြမ်း ရောပြွမ်းတဲ့ ရုပ်ရှင်ဇာတ်ကားသစ်တစ်ကား ရိုက်ကူးတော့မှာ ဖြစ်ပါတယ်။

ညှို့ယူဖမ်းစားနိုင်စွမ်း ရူပကာအဆင်းပိုင်ရှင် တရုတ်အမျိုးသမီး သရုပ်ဆောင် ဂေါင်လီ

အာရှမှာသာမက ကမ္ဘာ့နိုင်ငံအများအပြားက ပရိသတ်တွေ အားပေးလက်ခံကြတဲ့ အနုပညာရှင် တစ်ဦးကတော့ တရုတ်အမျိုးသမီး ရုပ်ရှင်သရုပ်ဆောင် ဂေါင်လီဖြစ်ပါတယ်။ ပုရိသတွေကို ညှို့ယူဖမ်းစားနိုင်တဲ့ ရူပကာအဆင်း ပိုင်ဆိုင်ထားတဲ့အပြင် ရုပ်ရှင်အနုပညာအရည်အသွေးလည်း မြင့်မားလွန်းတာမို့ ဂေါင်လီရဲ့ ပရိသတ်ဟာ အာရှမှာ အများအပြား ရှိနေပါတယ်။

ဖျော်ဖြေရေး

အသက်(၄၁နှစ်)ရှိပြီဖြစ်တဲ့ ဂေါင်လီဟာ လောလောဆယ်မှာတော့ ၂၀၀၈ပေကျင်းအိုလံပစ်ပြိုင်ပွဲရဲ့ ဖျော်ဖြေရေးအစီအစဉ် တွေမှာပါဝင်နေတာမို့ မအားမလပ်အောင် ရှိနေပါတယ်။ ၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲမှာ ဂေါင်လီအပါအဝင် အနုပညာရှင်များ၊ နာမည်ကြီး ထိပ်တန်း အားကစားသမားများနဲ့ ဖျော်ဖြေရေးအဖွဲ့ဝင် ၂၂၀၀ တို့ဟာ ကမ္ဘာပေါ်မှာအခမ်းအနားဆုံး အားကစားပြိုင်ပွဲကြီးအဖြစ် ရောက်ရှိအောင် ဝိုင်းဝန်း ပံ့ပိုးပေးကြမှာဖြစ်ပါတယ်။

ပါဝင်ကူညီ

တေးသီချင်းသီဆိုမှု၊ စုပေါင်းကကွက်များနဲ့ ဖျော်ဖြေရေး အစီအစဉ် အများအပြားမှာ ဂေါင်လီ ပါဝင်ကူညီပေးမှာ ဖြစ်ပါတယ်။ ဒီဖျော်ဖြေရေးအဖွဲ့ဝင်တွေထဲမှာ နာမည်ကြီး တရုတ်နိုင်ငံ ရုပ်ရှင်ဒါရိုက်တာတွေနဲ့သရုပ်ဆောင်တွေလည်း ပါဝင်နေပါတယ်။ အခုဆိုရင် ဂေါင်လီတို့ဟာ စုပေါင်းလေ့ကျင့်မှုတွေ၊ ပြင်ဆင်မှုတွေ ပြုလုပ်နေကြပြီ ဖြစ်ပါတယ်။ ဒီလိုအလုပ်များတဲ့အထဲက ဂေါင်လီဟာ ဟောလီးဝုဒ်မှာ ရုပ်ရှင်ဇာတ်ကားရိုက်ဖို့ ခရီးထွက်ဦးမယ်ဆိုတဲ့ သတင်းလဲ ကြားနေရပါတယ်။ ။

ကိုးကား–အင်တာနက်

မြန်မာ့အလင်း မှုခင်းသတင်းများ

မြောက်ဥက္ကလာပ ပုရွက်ဆိတ်ကုန်း ဘူတာ၌ ရထားတိုက်၍ လူတစ်ဦးသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၄

မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းဘူတာတွင် ဖေဖော်ဝါရီ ၁ ရက် ည ၉ နာရီခန့်က လူတစ်ဦး ရထားတိုက်၍ ဒဏ်ရာရရှိနေကြောင်း သတင်းအရ သက်ဆိုင်ရာ တာဝန်ရှိသူများမှ သွားရောက်စစ်ဆေးခဲ့ရာ အတိုက်ခံရသူမှာ ဝင်းအောင်(၃၂နှစ်) (ဘ)ဦးအောင်သိန်း အမှတ်(၂)သုမိတ္တာ(၂)လမ်း (၁)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေသူဖြစ်ပြီး ၎င်းသည် ယင်းနေ့ညပိုင်းက တံတားလေးဘူတာနှင့် ကျောက်ရေတွင်း ဘူတာအကြား မိုင်တိုင်အမှတ် ၈/၁၅နှင့် ၈/၁၆ အကြား တံတားအမှတ်၁၆ရှိ သံလမ်းပေါ်တွင် ထိုင်နေစဉ် ရန်ကုန်–အင်းစိန် မီးရထားအမှတ် ၁၃ တောင်ပျံ့ စက်ခေါင်းအမှတ်စဉ် ဒီအက်ဖ်– ၁၂၄၂က တိုက်မိကာ တံတားအောက်ချောင်းထဲသို့ ပြုတ်ကျရာ ရထားပေါ်ပါ ရဲတပ်ဖွဲ့ဝင်နှစ်ဦးက ချောင်းထဲသို့ ဆင်းကာဆယ်ယူခဲ့ပြီး ပုရွက်ဆိတ်ကုန်းဘူတာသို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ တာဝန်ရှိသူများက ၎င်းအား မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ရထားတိုက်မှုကြောင့် ၎င်းတွင်ယာချိုစောင်းစုတ်ပြဲ၊ နောက်စေ့တွင် အရှည် သုံးလက်မ၊ အနက်တစ်လက်မခန့်ကွဲအက်၊ ယာလက်ပြင်ညိုမည်း၊ ဝဲယာ ဒူးခေါင်းကြေမွဒဏ်ရာများရရှိခဲ့ပြီး အဆိုပါဒဏ်ရာနှင့်ပင် သေဆုံးသွားခဲ့ရာ မြောက်ဥက္ကလာပ ရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၄/၂၀၀၈ ဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

လမ်းဘေး စက်သုံးဆီရောင်းချသူများ တာမွေမြို့နယ်တွင် ဖမ်းဆီးအရေးယူ

ရန်ကုန် ဖေဖော်ဝါရီ ၄

တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်း အမျိုးသားစာကြည့်တိုက် ဆောက်လုပ်ရေးလုပ်ငန်းခွင်အနီး လမ်းဘေး၌ စက်သုံးဆီ တရားမဝင်ရောင်းချနေသူများအား ဖေဖော်ဝါရီ ၂ ရက် နံနက်၁၀နာရီခန့်က ယာဉ်ထိန်းရဲတပ်ဖွဲ့နယ်မြေ(၄)မှ တာဝန်ရှိသူများက ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ စည်ပင် (၂၈နှစ်)(ဘ)ဦးစိန်မောင်နှင့် လှမိုး(၂၃နှစ်) (ဘ)ဦးသာထွန်း စက်မှု(၂)လမ်း မေတ္တာညွှန့်ရပ်ကွက် တာမွေမြို့နယ်တို့ထံမှ ဓာတ်ဆီနှင့်ဒီဇယ်ဆီဂါလန် ၃၀ စီ၊ ငွေကျပ် ၃၀၀၀၀ နှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိရမိခဲ့သည်။ စည်ပင်နှင့် လှမိုးတို့အား တာမွေရဲစခန်းမှ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈(၁)အရ အရေးယူထားသည်။

(သတင်းစဉ်)

ပဲခူးမြို့အဝင် ရန်ကုန်–မန္တလေးလမ်းမပေါ် ယာဉ်တိုက်မှု လူတစ်ဦးသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၄

ပဲခူးမြို့အဝင် ရန်ကုန်–မန္တလေး ကားလမ်းမိုင်တိုင် အမှတ်(၄၁/၄)အနီးတွင် ဖေဖော်ဝါရီ၁ ရက် နံနက်၅ နာရီခွဲက ကားပွိုင်းပြုတ်၍ ပြုပြင်နေသော လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာနေ ခိုင်သဲဦး(၁၉နှစ်) (ဘ) ဦးသန်းနိုင် မောင်းနှင်သည့် အေရီးလက်အမျိုးအစား အစိမ်းရောင် ခြောက်ဘီးကားအား ရန်ကုန်မြို့မှလာသည့် မြောက်ဥက္ကလာပမြို့နယ်နေ ရဲထွဋ်(၃၀နှစ်)(ဘ)ဦးမြင့်သိန်း မောင်းနှင်လာသည့် ကင်တာ အမျိုးအစားယာဉ် အမှတ် ၃ခ/၈၆၅၀က နောက်မှ ဝင်ရောက်တိုက်မိသည်။ ယင်းသို့တိုက်မိခဲ့သဖြင့် ၃ခ/ ၈၆၅၀ ယာဉ်၏ ခေါင်းခန်းတွင်လိုက်ပါလာသူ လှိုင်သာယာမြို့နယ်နေ ဇော်ဝင်းထွန်း(၂၅နှစ်)(စိစစ်ဆဲ)မှာ အဆိုပါနေရာတွင် သေဆုံးခဲ့ပြီး လှိုင်သာယာမြို့နယ် ၁၄ ရပ်ကွက်နေ ကျော်နိုင်သူ (၃၀နှစ်) (ဘ) ဦးတင်အောင်ကြိုင်မှာ ဖူးရောင်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ရဲထွဋ်နှင့်ခိုင်သဲဦးတို့နှစ်ဦးအပေါ် ပဲခူးမြို့ အမှတ်(၃)ရဲစခန်းမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄–က/၃၃၈ အရ အမှုဖွင့် အရေးယူထားသည်။

(သတင်းစဉ်)

တောင်ငူမြို့နယ်၌ ခြောက်ဘီးယာဉ် တိုင်းရေ့ပြုတ် ဆိုင်ကယ်ကယ်ရီကိုဝင်တိုက်မိ၍ ဆိုင်ကယ်မောင်းသူသေဆုံးရ

ရန်ကုန် ဖေဖော်ဝါရီ ၄

တောင်ငူမြို့နယ် မိုးကောင်းကျေးရွာသံတောင်လမ်း မိုင်တိုင်အမှတ် ၁/၁နှင့် ၁/၂အကြားတွင် ဖေဖော်ဝါရီ ၂ရက် နံနက် ၁၁နာရီခန့်က အရှေ့မှ အနောက်သို့ တောင်ငူမြို့ ၁၉ ရပ်ကွက် ဒေါနလမ်းနေ ဇော်ဝင်းလေး(၃၄နှစ်)(ဘ) ဦးကျော်လှိုင် မောင်းနှင်သည့် ကင်တာခြောက်ဘီးယာဉ်သည် တိုင်းရော့ခေါင်းပြုတ်ပြီး အနောက်မှ အရှေ့သို့ တောင်ငူမြို့ ၁၉ရပ်ကွက် ယမုံနာလမ်းနေ ဆိုင်ကယ်ကယ်ရီ မောင်းနှင်သူ မောင်ပု (ခ) တင်ဝင်း (ခ) တင်မောင်ဝင်း (၂၈နှစ်)(ဘ) ဦးချိုကြီး မောင်းနှင်ပြီး ခရီးသည် တောင်ငူမြို့နယ် ပျားစခန်းရွာနေ မသီတာ(၃၄နှစ်)(ဘ) ဦးဖိုးအောင်နှင့် ညီမဖြစ်သူ မမြဝတ်ရည် (၂၃နှစ်)တို့ လိုက်ပါလာသည့် အမျိုးအစား စိစစ်ဆဲ အနက်ရောင်ဆိုင်ကယ်အား မျက်နှာချင်းဆိုင် ဝင်ရောက်တိုက်မိခဲ့သည်။ မောင်ပု (ခ)တင်ဝင်း (ခ) တင်မောင်ဝင်းမှာ အဆိုပါနေရာတွင်ပင် သေဆုံးပြီး မသီတာနှင့် မမြဝတ်ရည်တို့မှာ ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သဖြင့် တောင်ငူမြို့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း ဇော်ဝင်းလေးအား တောင်ငူမြို့ အမှတ် (၁) ရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄–က/၃၃၈ဖြင့် အမှုဖွင့်အရေးယူထားသည်။

(သတင်းစဉ်)

✱ ကျောဖုံးမှ

ထိုသို့ ကျန်းမာရေးကုသမှု နည်းပညာဖွံ့ဖြိုးရေးအတွက် ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီး၌ ဖေဖော်ဝါရီ ၄ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံ

"နားပြည်ယိုတာ၊ နားထဲ ပိုးဝင်တာနဲ့ နားစည်ပေါက်တာကို ဆွေးနွေးမယ်၊ သရုပ်ပြခွဲစိတ်မယ်"
ဒေါက်တာဆယ်လ်လီရာဘတ်
ထိုင်းနိုင်ငံမှ
အထူးကုဆရာဝန်ကြီးများ
အဖွဲ့ခေါင်းဆောင်။

ဆရာဝန်အသင်း (နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ပညာအဖွဲ့)နှင့် ပူးတွဲပြီး အင်္ဂလန်နှင့် ထိုင်းနိုင်ငံများမှ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်ကြီးများက စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးနှင့် မျိုးဆက်သစ် နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါ အထူးကုဆရာဝန်များ၏ ပညာအရည်အသွေး မြင့်မားရေးအတွက် နားရောဂါခွဲစိတ်ကု အလုပ်ရုံဆွေးနွေးပွဲနှင့် သရုပ်ပြခွဲစိတ်မှုပြုလုပ်ခြင်း ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီး မြေညီထပ်၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရည်ရွယ်ချက်

ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်သည့် ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာစိုင်းလူနှင့် တွေ့ဆုံကာ ယခုကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲနှင့် သရုပ်ပြခွဲစိတ်မှုများ၏ ရည်ရွယ်ချက်ကို မေးမြန်းရာ **"မြန်မာနိုင်ငံမှာ နား၊ နှာခေါင်း၊ လည်ချောင်းကု ဆရာဝန်တွေ နိုင်ငံရဲ့ လိုအပ်ချက်အရ ပိုမိုမွေးထုတ်နေတဲ့အချိန်မှာ အခုလို ပြည်ပကဆရာဝန်ကြီးတွေနဲ့ ပူးပေါင်းပြီး နား၊ နှာခေါင်း၊ လည်ချောင်းရောဂါနဲ့ပတ်သက်တဲ့ နိုင်ငံတကာ အဆင့်မီ အတတ်ပညာနဲ့ ခွဲစိတ်ကုသမှုတွေ ပြုလုပ်ပေးခြင်းဟာ မြန်မာနိုင်ငံမှာ အရည်အသွေးမြင့်မားတဲ့ နား၊ နှာခေါင်း၊ လည်ချောင်းကု ဆရာဝန်တွေဖြစ်လာအောင် ပြုစုပျိုးထောင်ပေးဖို့အတွက် ဖြစ်ပါတယ်။ အခုပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲနဲ့ လက်တွေ့ခွဲစိတ် သရုပ်ပြမှုတွေကို ရန်ကုန်က အထူးကုဆရာဝန်ကြီးတွေနဲ့ တိုင်းနဲ့ ပြည်နယ်များက နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်ကြီးတွေ လာရောက် လေ့လာလျက်ရှိပါတယ်"** ဟု ဆေးရုံအုပ်ကြီး ဒေါက်တာစိုင်းလူက မြန်မာ့အလင်းသို့ ရှင်းပြသည်။

အလွန်သိမ်မွေ့

ထို့နောက် ရန်ကုန် နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီး နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာသိန်းထွန်းနှင့် ဆက်လက် တွေ့ဆုံမေးမြန်းရာ **"အခုရောက်ရှိနေတဲ့ ပြည်ပ ဆရာဝန်ကြီးတွေအဖွဲ့မှာ အင်္ဂလန်က နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်ကြီး ရှစ်ဦးနဲ့ ထိုင်းနိုင်ငံမှ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး ၁၉ ဦးပါရှိတယ်။ ထိုင်းဆရာဝန်ကြီးတွေ အဖွဲ့မှာ အဏုကြည့်ကိရိယာတွေ ပါရှိလာတယ်။ ဒီကိရိယာတွေ အကူအညီနဲ့ ခွဲစိတ်ကုသမှု ဘယ်လိုလုပ်တယ်ဆိုတာ ဆွေးနွေး ရှင်းပြမှာဖြစ်ပါတယ်။ နားရောဂါနဲ့ပတ်သက်တဲ့ ခွဲစိတ်ကုသမှုက အလွန်သိမ်မွေ့ပြီး ခက်ခဲပါတယ်။ ဒါကြောင့် အဏုကြည့်ကိရိယာတွေနဲ့ အဏုကြည့်မှန်ဘီလူးတွေကို ကျွမ်းကျင်စွာအသုံးပြုနိုင်အောင်လည်း အထောက်အကူပေးသွားမှာပါ။ ဒီရက်အတွင်း နား၊ နှာခေါင်း၊ လည်ချောင်းလူနာ**

"နှာခေါင်းလေအိတ်၊ လည်ချောင်းနဲ့ လည်ပင်းခွဲစိတ်မှုတွေကို လက်တွေ့ခွဲစိတ်ပြသသွားမှာပါ"
ဒေါက်တာရော်ဘင်ယန်း
အင်္ဂလန်နိုင်ငံမှ
နား၊ နှာခေါင်း၊ လည်ချောင်း
အထူးကုဆရာဝန်ကြီးများအဖွဲ့
ခေါင်းဆောင်။

၂၁ ဦးကို အင်္ဂလန်နဲ့ ထိုင်းက အထူးကု ဆရာဝန်ကြီးတွေအဖွဲ့က လက်တွေ့ သရုပ်ပြ ခွဲစိတ်ပေးပါလိမ့်မယ်"ဟု ဆက်လက်ရှင်းပြသည်။

တွေ့ဆုံ

တစ်ဖန် အင်္ဂလန်မှ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်ကြီးများ အဖွဲ့ခေါင်းဆောင် ဒေါက်တာရော်ဘင်ယန်းနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံသို့ လာရောက်ပြီး ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲနှင့် လက်တွေ့သရုပ်ပြ ခွဲစိတ်မှုပြုလုပ်ရမှုအပေါ် မေးမြန်းရာ **"နှစ်နိုင်ငံအကြား နား၊ နှာခေါင်း၊ လည်ချောင်းဆရာဝန်များ ချစ်ကြည်ရင်းနှီးမှုရရှိစေရေးနဲ့ အမြင်ချင်းဖလှယ်နိုင်ရေး၊ နှစ်နိုင်ငံ ဆရာဝန်တွေအကြား ခွဲစိတ်ကုသတဲ့နည်းပညာရပ်တွေ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် ဖြစ်ပါတယ်။ အင်္ဂလန်ဆရာဝန်ကြီးတွေအနေနဲ့ နှာခေါင်းလေအိတ်ခွဲစိတ်မှု၊ လည်ချောင်းနဲ့ လည်ပင်းခွဲစိတ်မှုတွေကို လက်တွေ့ခွဲစိတ်ကုသမှုပြုလုပ်ပေးသွားမှာပါ။ ဒီလို အလုပ်ရုံဆွေးနွေးပွဲနဲ့ သရုပ်ပြလက်တွေ့ခွဲစိတ်မှုပြုလုပ်ခဲ့တာ သုံးကြိမ်ရှိပါပြီ"**ဟု မြန်မာ့အလင်း သတင်းအဖွဲ့သို့ ရှင်းပြသည်။

ထို့နောက် ထိုင်းနိုင်ငံမှ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်ကြီးများအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ဆယ်လ်လီရာဘတ်ကို ဆက်လက် တွေ့ဆုံမေးမြန်းရာ **"နား၊ နှာခေါင်း၊ လည်ချောင်းနဲ့ပတ်သက်ပြီး ခွဲစိတ်ဖို့လေ့ကျင့်တဲ့ အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပါတယ်။ အဓိကအားဖြင့်တော့ နားပြည်ယိုတာ၊ နားထဲ ပိုးဝင်တာနဲ့ နားစည်ပေါက်တာတွေကို ကျွန်တော်တို့က ဆွေးနွေးမယ်၊ သရုပ်ပြခွဲစိတ်မယ်။ နားပြည်ယိုတာဟာ ကြာရင် ဦးနှောက်ထဲ ပိုးဝင်တတ်ပါတယ်၊ နားကပြည်တွေ ဦးနှောက်ထဲ ဝင်ရင် အသက်အန္တရာယ်ရှိပါတယ်။ ဒီရောဂါမျိုးတွေက ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အဖြစ်များတယ်။ ဒါကြောင့် ဒီလိုရောဂါမျိုးတွေကို လက်တွေ့ခွဲစိတ်တဲ့အခါ လိုအပ်တဲ့ ကိရိယာတွေလည်း ယူလာတယ်။ ဒီလို ကိရိယာတွေနဲ့ လက်တွေ့ သရုပ်ပြခွဲစိတ်မှုပြုလုပ်လိုက်ရင် မြန်မာနိုင်ငံက နား၊ နှာခေါင်း၊ လည်ချောင်း၊ ဆရာဝန်တွေ အလေ့အကျင့်ကောင်းတွေရသွားမယ်။ ဒီလို အလေ့အကျင့်ကောင်းတွေနဲ့ မြန်မာဆရာဝန်တွေ လူနာကိုကုသရင် အကျိုးရလဒ်ကောင်းတွေ အများကြီးပေါ်ထွန်းလာမှာပါ။**

"မြန်မာနိုင်ငံမှာ အရည်အသွေးမြင့်မားတဲ့ နား၊ နှာခေါင်း၊ လည်ချောင်းကု ဆရာဝန်တွေ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးခြင်းဖြစ်"
ဒေါက်တာစိုင်းလူ
ဆေးရုံအုပ်ကြီး
ရန်ကုန် နား၊ နှာခေါင်း၊
လည်ချောင်းဆေးရုံ။

ပြည်ပနိုင်ငံတွေမှာဆိုရင် ဒီလိုအလုပ်ရုံဆွေးနွေးပွဲနဲ့ သရုပ်ပြ ခွဲစိတ်ကုသမှု သင်တန်းတွေဆိုရင် တစ်ဦးကို အမေရိကန်ဒေါ်လာ ၁၅၀၀ လောက် ကုန်ကျတာမို့ အခုဆရာဝန် ၂၀ ဆိုရင် အမေရိကန်ဒေါ်လာသုံးသောင်းလောက် သက်သာသွားမှာဖြစ်ပါတယ်။ အခုလို ပူးပေါင်းဆောင်ရွက်မှုဟာ အလွန်အကျိုးရှိစေတဲ့ဆောင်ရွက်မှုတစ်ခုဖြစ်ပါတယ်"ဟု ဒေါက်တာဆယ်လ်လီရာဘတ်က စိတ်ရှည်လက်ရှည် ရှင်းပြသည်။

အကျိုးကျေးဇူး

ထို့ကြောင့် ယခုကျင်းပသည့် မြန်မာနိုင်ငံ နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာ အထူးကုဆရာဝန်များနှင့် အင်္ဂလန်၊ ထိုင်းတို့မှ ဆရာဝန်ကြီးများ၏ အလုပ်ရုံဆွေးနွေးပွဲနှင့် လက်တွေ့ ခွဲစိတ်ကုသမှုများသည် မြန်မာနိုင်ငံ နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာ ဆရာဝန်များအတွက် လည်းကောင်း၊ ပြည်သူများ၏ ကျန်းမာရေးအတွက် လည်းကောင်း အကျိုးကျေးဇူးရှိသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

"ပြည်ပ ဆရာဝန်ကြီးတွေအဖြစ် အင်္ဂလန်က ဆရာဝန်ကြီး ကိုးဦးနဲ့ ထိုင်းက ဆရာဝန်ကြီး ၁၉ ဦး ပါဝင်တယ်"
ဒေါက်တာသိန်းထွန်း
ပါမောက္ခဌာနမှူး
ရန်ကုန် နား၊ နှာခေါင်း၊
လည်ချောင်းဆေးရုံ။

နား၊ နှာခေါင်း၊ လည်ချောင်း ခွဲစိတ်ကုသမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ အင်္ဂလန်မှ အထူးကု ဆရာဝန်ကြီး ဒေါက်တာရော်ဘင်ယန်းက အဏုကြည့်ကိရိယာများ လက်တွေ့သုံးစွဲ ခွဲစိတ်ကုသမှုနှင့် ပတ်သက်ပြီး ဤသို့ဆွေးနွေးခဲ့သည်။ (မြန်မာ့အလင်း)

သရက်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

သရက်အသင်း(ရန်ကုန်)၏ (၃၃)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ် လိပ်ကန်အနီးရှိ သစ်လုပ်ငန်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များအားလုံးနှင့် သရက်နယ်သူ နယ်သားများ ကြွရောက်ကြပါရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များနှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများစာရင်းကို ဖေဖော်ဝါရီ ၁၀ ရက်နောက်ဆုံးထား၍ စာရင်းပေးပို့ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဒေါ်သက်သက်ဆွေ (ဂုဏ်ထူးဆောင်နာယက) ဖုန်း-၅၇၇၁၂၆၊ ဦးသိန်းဘော်(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၇၂၀၈၈၀၊ ဦးလှထူးကျော်(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၆၆၂၂၀၇၊ ၀၉-၈၀၃၁၈၂၅၊ ဗိုလ်မှူးစန်းအောင်(ငြိမ်း) သရက် ဖုန်း-၀၆၈-၂၁၃၇၁၊ ဦးသိန်းရွှေ(ဗဟန်း) ဖုန်း-၅၄၆၉၁၅၊ ဦးလှမြင့် (စမ်းချောင်း) ဖုန်း-၅၁၆၅၀၂၊ ဒေါ်တင်တင်မြင့် ဖုန်း-၂၁၄၁၀၈၊ ဒေါ်မြမိုးနှင်း(အင်းစိန်) ဖုန်း-၆၄၃၆၀၇၊ ဒေါ်မြင့်မြင့် ဖုန်း-၅၄၂၇၂၆၊ ၅၄၅၇၄၃၊ ဦးနေဦး ဖုန်း-၀၉-၅၁-၂၈၄၃၄၊ ဦးခင်မောင်လွင် ဖုန်း-၃၈၉၉၁၇၊ ၀၉-၅၁-၀၁၀၆၀၊ ဦးစိုးလှမြင့် ဖုန်း-၀၆၈-၂၁၀၅၈နှင့် ဒေါ်သန်းသန်းဌေး အမှတ် ၃၀၃ (၂/A)ပထမထပ် မဟာဗန္ဓုလလမ်းတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အထက(၂)လှိုင် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

အထက(၂) လှိုင် (ယခင် ဒေါ်သာထက် အထက်တန်းကျောင်း)၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၆ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲ ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်း သီဂီရွှေဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဆရာဦးမင်းဇော် ဖုန်း-၅၆၃၅၉၅၊ လိုင်းခွဲ-၂၂၂၄၁၊ ဦးအုန်းကြူ ဖုန်း-၀၉-၅၁-၀၁၂၈၆၊ ၅၁၀၉၉၃၊ ဦးရဲနိုင်လင်း ဖုန်း-၀၉-၅၁-၀၀၃၉၃ နှင့် ဒေါ်စန်းစန်းဝင်း ဖုန်း-၇၂၅၆၀၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဋ္ဌနိကာယသာသနာ့ ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန် နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီး၏ ထာဝရငွေရတုပဒေသာပင်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှင်းကျူးမြို့မှ ကျွမ်းပိဟွာက အမှတ် ၄၇ ရေကျော်လမ်း (၇)ရပ်ကွက် ပုဇွန်တောင်မြို့နယ်နေ ဒေါ်မြငြိမ် (တိုင်ပေရွှေဆိုင် ယုဇနပလာဇာ)မှတစ်ဆင့် အလှူငွေကျပ်တစ်သိန်းကို အသင်းဥက္ကဋ္ဌ ဦးသောင်းလွင်နှင့် ဘဏ္ဍာရေးမှူး ဦးရွှေဝင်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၂-၂၀၀၈ (အင်္ဂါနေ့)

AM/PM	
၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	**"အပေါင်းမှန်ကြပါစေ"** တရားတော်[ဆရာတော် အရှင်ပဏ္ဍဝံသ(တွံတေး)]
၈:၀၀ - ၂:၀၀	၂၀၀၅ခုနှစ် အကယ်ဒမီညမြင်ကွင်းများ (အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု)
၈:၂၅ - ၂:၂၅	တေးဂီတအစီအစဉ်
၈:၃၀ - ၂:၃၀	Sunday Talk
၉:၃၅ - ၃:၃၅	ပြည်တွင်းသတင်းအကျဉ်း
၉:၄၅ - ၃:၄၅	သေသပ်လှပအနားနှစ်ဖက်ပတ်တီးစ
၁၀:၀၀ - ၄:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅ - ၄:၀၅	"စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး" (ပန်းဂေါ်ဖီပင်စိုက်ပျိုးနည်း)
၁၀:၂၀ - ၄:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅ - ၄:၂၅	ဖွံ့ဖြိုးဝေဆာ လပွတ္တာ
၁၀:၃၅ - ၄:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀ - ၄:၄၀	Biz Net
၁၀:၅၅ - ၄:၅၅	မိုးလေဝသခန့်မှန်းချက်
၁၁:၀၀ - ၅:၀၀	ငြိတွယ်ရင်ထဲရန့်စွဲ
၁၁:၁၅ - ၅:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀ - ၅:၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၀ - ၅:၃၀	ဂုန်လျှော်စိုက်ပျိုးရေးအတွက် အချိန်ကာလအလိုက် ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများ
၁၁:၄၅ - ၅:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀ - ၅:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၅ - ၅:၅၅	လှပသစ်ဆန်းအလှပြင်ခန်း (BETTY BOOP Beauty Saloon)
၁၂:၁၅ - ၆:၁၅	တေးဂီတအစီအစဉ်
၁၂:၂၀ - ၆:၂၀	အနာကြီးရောဂါကင်းဝေးရေးဆိုင်ရာ ဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာကျော်မြင့်)
၁၂:၃၅ - ၆:၃၅	Music Gallery (အကြောင်းပြချက်မရှိ)
၁:၀၀ - ၇:၀၀	MRTV-4အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်ရှိ မြစ်ရေတင်စီမံကိန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၁၁ နာရီခွဲတွင် လှည်းကူးမြို့နယ်ရှိ လဂွန်းပြင်ရေလှောင်တမံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဧက ၉၃၀၀ အကျိုးပြုလက်ပံလျှပ်စစ် မြစ်ရေတင်စီမံကိန်းလုပ်ငန်းခွင်ကိုလည်းကောင်း၊ ငမိုးရိပ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းခွင်တွင် နွေစပါးစိုက်ပျိုးရန်အတွက် ကီလိုဝပ် ၂၅၀ရှိ ရေစုပ်စက်မှ ရေတင်နေမှုနှင့် တစ်စက္ကန့်လျှင် ရေကုဗပေ ၄၀ ထွက်ရှိသည့် ရေပိုက်ကြီးနှစ်လုံးဖြင့် ရေဖြန့်ဝေပေးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ပြီးစီးပါက ဆင်ကူး၊ မုဆိုးညောင်ပင်၊ ရှမ်းရွာ၊ ဘိုးရင်ကလေးအပိုင်းအနောက်၊ မလစ်အနောက်၊ ရေကျော်နှင့် စစ်ပင်ဒေသများရှိ လယ်မြေဧက ၈၀၀၀ကို တစ်ကွင်းတစ်စပ်တည်း ရေပေး စိုက်ပျိုးနိုင်မည်ဖြစ်သည်။

စိုက်ပျိုးပြီးစီး

ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း နွေစပါး ဧက ၁၆၂၀၀၀ လျာထားသည့်အနက် ၁၀၅၀၀၀ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် Myanmar Winery & Distillery Co., Ltd.က ဆောင်ရွက်လျက်ရှိသည့် ဘိုင်အိုအီသနောစက်ရုံသို့ ရောက်ရှိပြီး စက်ရုံမှ စမ်းသပ်ထုတ်လုပ်ထားသည့် ဘိုင်အိုအီသနောများနှင့် ဘိုင်အိုအီသနောကိုအသုံးပြု၍ ဆိုင်ကယ်နှင့်ကားများ စမ်းသပ်မောင်းနှင်သရုပ်ပြသမှုကိုလည်းကောင်း၊ စွန့်ပစ်ရေပြန်လည်အသုံးချမှုနည်းစဉ် အဆောက်အအုံ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အဓိကကုန်ကြမ်းသီးနှံ

အဆိုပါ ဘိုင်အိုအီသနောစက်ရုံကို နိုင်ငံတော်၏ စွမ်းအင်လောင်စာကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ရန် ၂၀၀၅ ခုနှစ် မေလတွင် မြန်မာအင်ဂျင်နီယာများက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဓိကကုန်ကြမ်းအဖြစ် ပီလောပီနံ၊ နံ့စားပြောင်းနှင့် ကောက်နံ့ကုန်ကြမ်းအပေါ် အခြေခံ၍ ထုတ်လုပ်ရန် လျာထားသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဧက ၁၄၀၀ အကျိုးပြု ငွေနံ့သာ လျှပ်စစ်ရေတင်စီမံကိန်းလုပ်ငန်းခွင်သို့လည်းကောင်း၊ ဆင်ဖုံလျှပ်စစ်ရေတင် စီမံကိန်းတိုးချဲ့လုပ်ငန်းမှ ဧက ၃၀၀ကို ရေပေးဝေနေမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

သတိပေးတားမြစ်ချက်

ကွယ်လွန်သူ ရုပ်ရှင်မင်းသား ဒါရိုက်တာ အဆိုတော် ထပ်ဆင့်အကယ်ဒမီ ဦးဝင်းဦး ရေးသားခဲ့သော တေးသီချင်းများအားလုံးနှင့် သကြၤန်သီချင်းများအားလုံးတို့သည် ကွယ်လွန်သူ ဦးဝင်းဦး၏ အမွေထိန်းစာရရှိထားသော စန္ဒာရုပ်ရှင်ထုတ်လုပ်ရေးမှ ကျွန်ုပ်အမှုသည် ဒေါ်အိုင်းရင်းတင်လှ တစ်ဦးတည်းသာလျှင် မူပိုင်ခွင့်ရှိသူဖြစ်ပါသည်။ ကျွန်ုပ်အမှုသည် ဒေါ်အိုင်းရင်းတင်လှ၏ ခွင့်ပြုချက်မရရှိပါဘဲနှင့် ဦးဝင်းဦးရေးသားသီကုံး စပ်ဆိုထားသော "သီဂီရွှေစင်" (အတာကူးတဲ့ဖူးစာ)အပါအဝင်ဖြစ်သည့် သကြၤန်သီချင်းများနှင့် အခြားသီချင်းများ၏ စာသားနှင့် သံစဉ်များအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကူးယူ၍ အသုံးပြုလျက် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ ထိုသို့ ကျွန်ုပ်အမှုသည်၏ ခွင့်ပြုချက်မရရှိဘဲ သီချင်းစာသားများနှင့် သံစဉ်များကို ဖြန့်ဖြူးရောင်းချခြင်းကို ပြုလုပ်မည်ဆိုပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်အိုင်းရင်းတင်လှ၏ညွှန်ကြားချက်အရ–

ဦးအုံးမောင်	**ဒေါ်ကေသီအုံး**
(ဘီအက်စ်စီ၊ ဘီအယ်လ်)	**(အယ်လ်အယ်လ်အမ်)**
တရားရုံးချုပ်ရှေ့နေနှင့်	**တရားရုံးချုပ်ရှေ့နေ(စဉ်–၄၂၂၇)**
နိုတြီပဗ္ဗလစ် (စဉ်–၈၃၀)	

အမှတ်၃၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၁၉၆၄–၆၈ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရသူငယ်ချင်းများ နှစ်(၄၀)ပြည့် တွေ့ဆုံပွဲ

၁၉၆၄–၆၈ခုနှစ် စီးပွားရေးတက္ကသိုလ် ဘွဲ့ရသူငယ်ချင်းများ၏ နှစ်(၄၀)ပြည့် အမှတ်တရ (၅)ကြိမ်မြောက် မိတ်ဆုံခရီးကို လှိုင်မြစ်ရိုးတစ်လျှောက် လေ့လာရေးခရီးစဉ်ဖြင့် ပြုလုပ်မည်ဖြစ်၍ စုံညီတက်ရောက်ကြပါရန်နှင့် အမှတ်တရဓာတ်ပုံများရှိပါက ယူဆောင်လာပါရန်။

ရက်စွဲ	–	**၁၂–၂–၂၀၀၈ရက်**
အချိန်	–	**နံနက် ၈း၃၀ နာရီ**
နေရာ	–	**စဉ့်အိုးတန်းဆိပ်ကမ်း။**

ရေယာဉ်များ လေလံတင်ရောင်းချရန်ကြေညာခြင်း

၁။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းပိုင် ရေယာဉ်လေးစင်းနှင့် စက်မဲ့စီဘီတွဲရေယာဉ် လေးစင်းတို့အား မျက်မြင်အခြေအနေအရ ဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။ ရေယာဉ်များအား လေလံဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူလိုသူများသည် လေလံစည်းမျဉ်းစည်းကမ်းများနှင့် ရေယာဉ်အချက်အလက်များကို စိုက်ပျိုးရေးလမ်း ကံဘဲ့ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ပစ္စည်းဝယ်ယူ ဖြန့်ဖြူးရေးဌာနခွဲ)တွင် ပုံစံတစ်စုံလျှင် ငွေကျပ်ငါးထောင်နှုန်းဖြင့်ဝယ်ယူပြီး မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပါသည်။

၂။ ရေယာဉ်များ လေလံတင်ရောင်းချမှုအား ၁၅–၂–၂၀၀၈ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် စိုက်ပျိုးရေးလမ်း ကံဘဲ့ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပပြုလုပ်ပါမည်။ အသေးစိတ်အချက်အလက်များ သိရှိလိုသူများသည် အတွင်းရေးမှူး ဗဟိုပစ္စည်းဟောင်းထုခွဲရောင်းချရေးအဖွဲ့၊ အထူးလုပ်ငန်းအဖွဲ့(၂/၂၀၀၇)ထံ ဖုန်း–၆၆၆၁၀၆၊ ၆၆၇၉၉၀နှင့် ၆၆၃၈၂၇တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဗဟိုပစ္စည်းဟောင်းထုခွဲရောင်းချရေးအဖွဲ့
အထူးလုပ်ငန်းအဖွဲ့(၂/၂၀၀၇)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/ ၁၁၅၅ Toyota Townace P/U ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်ညွန့်ညွန့်အောင် မှတ်ပုံတင်အမှတ် ၁၂/ လမတ(နိုင်)၀၀၄၈၀၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ရန်ကုန်မြို့။**

သားအဖြစ်မှ စွန့်လွှတ်ခြင်း

အမှတ် ၅၀ ပေတရာတောင်ပိုင်း ဆတ်သွားတောကျေးရွာ မှော်ဘီမြို့နေ (ဦးဉာဏ်ထွန်း)–ဒေါ်မြင့်မြင့်သန်းတို့၏ သားဖြစ်သူ မောင်အောင်ကိုဦး မှတ်ပုံတင်အမှတ် ၁၂/မဘန(နိုင်)၁၀၇၁၇၄ ကိုင်ဆောင်သူသည် မိဘ၏ ပြောဆို ဆုံးမသွန်သင်မှုကို မနာယူပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝတာဝန်မယူပါကြောင်း။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်မြင့်မြင့်သန်း
၁၂/မဘန(နိုင်)၀၂၉၆၅၄။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

မရတနာကျော်(ခ)မမေသူကျော် ၁၂/ဗဟန(နိုင်)၀၉၄၈၉၄သည် မိဘမောင်နှမများ၏စကားကို နားမထောင်ဘဲခွင့်မလွှတ်နိုင်သည့်လုပ်ရပ်များပြုမူသဖြင့် ၎င်းအား သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ အားလုံးသည် မိဘမောင်နှမများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း၊ မည်သည့်ကိစ္စကိုမျှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **မိခင်–ဒေါ်မူမူထွေး ၁၂/ဗဟန(နိုင်)၀၂၃၃၈၁။**



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ မြန်မာစာဘာသာသင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သိမှတ်ဖွယ်ရာ မြန်မာစာ

၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု မြန်မာစာဘာသာရပ် မေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

စာမေးပွဲဖြေဆိုမယ့် ကျောင်းသူ၊ ကျောင်းသားများဟာ မြန်မာစာမေးခွန်းပုံစံကို လေ့လာသိရှိထားဖို့ လိုအပ်ပါတယ်။ မြန်မာစာမေးခွန်းဟာ (၃)နာရီမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်းကြီး(၆)ပုဒ် မေးထားပါတယ်။ သဒ္ဒါ(၁)ပုဒ်၊ ဝေါဟာရအလင်္ကာ(၁)ပုဒ်၊ ကဗျာခမ္မဓိဋ္ဌာန်နဲ့ ကဗျာမေးခွန်းရှည်(၁)ပုဒ်၊ စကားပြေခမ္မဓိဋ္ဌာန်နဲ့ စကားပြေမေးခွန်းရှည် (၁)ပုဒ်၊ ပြဇာတ်မေးခွန်း(၁)ပုဒ်၊ စာစီစာကုံးမေးခွန်း (၁)ပုဒ်တို့ ဖြစ်ပါတယ်။

အဲ့ဒီမေးခွန်း(၁)ပုဒ်စီမှာ မေးခွန်းပုဒ်ခွဲများ ပါဝင်မှာဖြစ်ပါတယ်။ မေးခွန်း(၁)ကတော့ မြန်မာသဒ္ဒါ ပြဋ္ဌာန်းစာ အတွဲ(၂) အခန်း(၆)ကို အခြေခံထားတဲ့မေးခွန်းဖြစ်ပါတယ်။ (က)၊ (ခ)၊ (ဂ) ဆိုပြီး မေးခွန်းပိုဒ်ခွဲ (၃)ခုခွဲပြီး မေးထားတယ်။ ပိုဒ်ခွဲ(က)မှာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာအခန်းများပါတဲ့ မေးခွန်း(၅)ခု မေးထားပြီးတော့ (၁)ခုဖြေရမှာဖြစ်ပါတယ်။ ဒီမေးခွန်းမှာ အုတ်ခွက်စာ၊ မင်စာစတဲ့ စာအမျိုးမျိုး၊ ဇကွဲပြောင်းလဲပုံ၊ နငယ်ပြောင်းလဲပုံ၊ အ ပြောင်းလဲပုံ၊ အစရှိတဲ့ အက္ခရာပုံသဏ္ဌာန်ပြောင်းလဲပုံတွေ၊ ဌာန်၊ ကရိုဏ်းနဲ့ပယတ်၊ စကားသံဖြစ်အင်္ဂါများ၊ မြန်မာပါဠိဆင့်များ၊ အက္ခရာတူဆင့်များ၊ ဝါစင်္ဂဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ဝါကျဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်များထဲက မေးမှာဖြစ်ပါတယ်။

ဒီနေရာမှာ ခေါင်းလောင်းစာတို့ နငယ်ပြောင်းလဲပုံတို့ဖြေရင် ကျက်ထားသမျှကို အစီစဉ်တကျရေးပြရမှာ ဖြစ်ပါတယ်။

မေးခွန်း ၁ (ခ)ကတော့ သဒ္ဒါလေ့ကျင့်ခန်း မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်း(၆)ခု မေးပြီးတော့ (၄)ခုကို ဖြေဆိုရမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုနိုင်ဖို့အတွက် သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို အထပ်ထပ်အခါခါ လေ့ကျင့်ထားဖို့အပြင် မေးခွန်းကို သေချာဖတ်ပြီး မေးထားတဲ့အတိုင်း အတိအကျဖြေပေးရမယ်။ သာဓကပြရမယ်ဆိုရင် "ဆက်စပ်ပုံအရ မည်သည့်သမ္ဗန္ဓဖြစ်ကြောင်း မေးထားတဲ့ "သကဲ့သို့" စကားလုံးကိုဖြေရင် "ဝါကျဆက်သမ္ဗန္ဓ" လို့ဖြေရပါမယ်။ "ဝါးလက်ခုပ်" ကို ရှေ့နာမ် "ဝါး" က နောက်နာမ် "လက်ခုပ်" ကိုအထူးပြုထားတဲ့ ပေါင်းစပ်နာမ်ဖြစ်ကြောင်း၊ "သုံးယောက်" သည် အရေအတွက်ပြ သင်္ချာနာမဝိသေသနဖြစ်ကြောင်း၊ "ကွယ်၊ နော်၊ ပေါ့လေ" တို့ဟာ ဝါကျနောက်လိုက်ပစ္စည်း ဖြစ်ကြောင်း စသည်ဖြင့် သဒ္ဒါအဖြေတွေကို တိတိကျကျ ဖြေဆိုနိုင်အောင် ကျက်မှတ်လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

မေးခွန်း၁(ဂ)ကတော့ သဒ္ဒါကိုအမှန်တကယ် နားလည်တတ်ကျွမ်းမှု ရှိ မရှိ စမ်းသပ်တဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာ (၅)ခုမေးပြီး (၃)ခု ဖြေရမှာဖြစ်ပါတယ်။ များသောအားဖြင့်တော့ သဒ္ဒါအမျိုးအစားတွေ ပေးထားပြီးတော့ ဝါကျဖွဲ့ခိုင်းလေ့ရှိပါတယ်။ "သင့်"ဆိုတဲ့ ကြိယာထောက်ပစ္စည်းကို ဝါကျဖွဲ့ခိုင်းရင်- "ကျောင်းသားတိုင်း စာကြိုးစားသင့်သည်။"

လို့ဝါကျဖွဲ့ရမှာဖြစ်ပါတယ်။

မေးခွန်း(၂)ကတော့ စကားပြေ၊ ကဗျာနဲ့ ပြဇာတ်ဆိုတဲ့ ပြဋ္ဌာန်းစာတွေထဲက ဝေါဟာရတွေ၊ အလင်္ကာတွေကို ထုတ်နုတ်ပြီး မေးမှာဖြစ်ပါတယ်။

၂(က)မှာ စာသုံးပေသုံးရှေးသုံးဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ခိုင်းပါတယ်။ ဒီမေးခွန်းမှာ (၈)ခု ပေးထားပြီး (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ပြဋ္ဌာန်းစာပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုအပ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ပုံ တိကျဖို့လည်း လိုအပ်ပါတယ်။ ဝေါဟာရရဲ့ သဒ္ဒါအမျိုးအစားနဲ့ ကိုက်ညီတဲ့အဓိပ္ပာယ်ဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်တွေထဲက ခက်ဆစ်အဓိပ္ပာယ်တွေကို သေသေချာချာ ကျက်ထားရင် လုံလောက်နိုင်ပါတယ်။ သာဓကအနေနဲ့ မေးခွန်းတစ်ခု ဖြေပြပါမယ်။ "မယ့်သည်ပင်" ဆိုတဲ့ ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် ပြဋ္ဌာန်းစာမှာ ပါတဲ့အတိုင်း "မယ့်ချစ်သူ" ဆိုပြီးတော့ ဖွင့်ရပါမယ်။ "မယ့်သည်ပင်" သည်နာမ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဖွင့်သည်နာမ်အနက်ပဲဖြစ်ရပါမယ်။

မေးခွန်း၂(ခ)မှာတော့ ယနေ့ခေတ်သုံးဝေါဟာရတွေကို ဝါကျဖွဲ့ခိုင်းတာဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း (၈)ခု မေးပြီးတော့ (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဝါကျဖွဲ့ရာမှာ ပြဋ္ဌာန်းစာမှာသုံးတဲ့ အဓိပ္ပာယ်မျိုးပဲ ဖြစ်ရပါမယ်။ ဝေါဟာရရဲ့ သုံးစွဲပုံအနက်ပေါ်လွင်တဲ့ ဝါကျမျိုးလည်းဖြစ်ရပါမယ်။ ဆိုကြပါစို့ "အန်တု" ဆိုတဲ့ဝေါဟာရကို ဝါကျဖွဲ့ရင် "မြန်မာ့သတ္တိကို အန်တု၍မရနိုင်ပါ" ဆိုတဲ့ ဝါကျမျိုးဖြစ်ရပါမယ်။

မေးခွန်း၂(ဂ) ကတော့ အလင်္ကာမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ ဥပမာ၊ ရူပက၊ ဝက်ဝုတ္တိ၊ မြည်သံစွဲ အစရှိတဲ့ အလင်္ကာအမျိုးအမည်တွေကို ဖော်ပြပေးထားပါတယ်။ မေးခွန်း(၈)ခုမေးပြီးတော့ (၅)ခုဖြေဆိုရမှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့ အခါမှာ ဒီအလင်္ကာကို ဘယ်ပြဋ္ဌာန်းစာမှာ ဘယ်အကြောင်းနဲ့ ဆက်စပ်သုံးတယ်၊ ဘာ့ကြောင့် ဒီအလင်္ကာမြောက်တယ် ဆိုတာတွေကို ဖြေရမှာဖြစ်ပါတယ်။

ဖြေတဲ့အခါမှာလည်း ဥပမာအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုခိုင်းနှိုင်းဖွဲ့ဆိုကြောင်း၊ ရူပက အလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုထပ်တူပြုထားကြောင်း၊ ဝက်ဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လိုတိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ရေးထားကြောင်း၊ အတိသယဝုတ္တိအလင်္ကာကိုဖြေရင်ဘယ်လို အလွန်အကြူးရေးထားကြောင်း၊ မြည်သံစွဲအလင်္ကာဖြေရင် ဘာမြည်သံကိုထည့်သွင်းဖွဲ့ဆိုထားကြောင်း ဆိုတဲ့ သက်ဆိုင်ရာအလင်္ကာရဲ့ သတ်မှတ်အသုံး အနှုန်းတွေကို သုံးစွဲပြီးရှင်းပြရမှာ ဖြစ်ပါတယ်။

"ငှက်ပျံသလို" ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေမယ်ဆိုရင် ဤအလင်္ကာကို အိမ်ရှေ့ကိုယ်တော်ကြီး စကားပြေမှ အိမ်ရှေ့ကိုယ်တော်ကြီးသည် အောင်ပင်လယ်ကန်၌ ရေမြှုပ်ဖုံးများ ဖောက်ခွဲသောအခါ ပျဉ်တိုပျဉ်စများ လွင့်စင်ဝဲပျံနေပုံကို ရည်ညွှန်းဖော်ပြရာ၌ ဆက်စပ်သုံးထားခြင်းဖြစ်ကြောင်း၊ အောင်ပင်လယ်ကန်တွင် ရေမြှုပ်ဖုံးများဖောက်ခွဲလိုက်သောအခါ ပျဉ်တိုပျဉ်စများ လွင့်စင်ဝဲပျံနေပုံ(အနှိုင်းခံ)ကို ငှက်များဝဲပျံနေပုံ (အနှိုင်း)နှင့် ဂုဏ်ရည်တူချင်း ခိုင်းနှိုင်းရေးဖွဲ့ထားသောကြောင့် ဥပမာအလင်္ကာမြောက်ကြောင်း ရှင်းပြရမှာဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ ကဗျာလက်ရွေးစင်ထဲက ကဗျာဆိုင်ရာမေးခွန်းများ ဖြစ်တယ်။ ပိုဒ်ခွဲ(က)မှာ ခမ္မဓိဋ္ဌာန်မေးခွန်းတွေ မေးထားတယ်။ ခမ္မဓိဋ္ဌာန်မေးခွန်းတွေအတွက် ကဗျာတစ်ပိုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆိုအကြောင်း၊ ကဗျာရေးတဲ့ခေတ်၊ ကဗျာအမျိုးအစား၊ ကဗျာအကြောင်းနဲ့ကဗျာ့သဘော၊ ကဗျာမှာပါတဲ့အချက်အလက်နဲ့ အနက်အဓိပ္ပာယ်၊ ကဗျာနဲ့သက်ဆိုင်တဲ့ထူးခြားချက်များ စတာတွေကို လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။

ဆိုကြပါစို့။ ရွှေနှင့်ယိုးမှားပန်းစကားကဗျာကို ပုဂံခေတ်တွင်ရေးခဲ့ကြောင်း၊ ဌာနီပြည်ကြီးက ဝေးသနှင့် ကဗျာ အမျိုးအစားမှာ ညည်းချင်းကဗျာဖြစ်ကြောင်း ဆိုတာတွေအပြင် ကဗျာမိတ်ဆက်မှာပါတဲ့ ကာချင်း၊ တျာချင်း၊ ရှစ်ဆယ်ပေါ် အဲ အစရှိတဲ့ ကဗျာအမျိုးအမည်တွေရဲ့ အနက်အဓိပ္ပာယ်များကအစ၊ သိမှတ်ဖွယ်ရာတွေကို မှတ်သားထားဖို့ လိုအပ်ပါတယ်။

မေးခွန်း(၃) ပိုဒ်ခွဲ(ခ)ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ရရှိတဲ့ သုတရသတွေကို လေ့လာထားရပါမယ်။ အရေးအကြီးဆုံး အဓိကအချက်ကတော့ ဖြေဆိုရာမှာ မေးခွန်းနဲ့ဘောင်ဝင်ဖို့ပဲ ဖြစ်ပါတယ်။ ကဗျာပါ အကြောင်းအရာကို တိုက်ရိုက်မေးတာလား၊ ကဗျာစာဆိုက ဘယ်လိုဖွဲ့ထားလဲလို့မေးတာလား၊ ဒီကဗျာနဲ့ ပတ်သက်တဲ့ မိမိရဲ့အတွေးအမြင် ခံစားချက်ကို မေးတာလား စသည်ဖြင့် ကွဲကွဲပြားပြား သိဖို့လိုအပ်ပါတယ်။

"အနုပညာသည်၏အားမာန်" ကဗျာမှ အနုပညာသည်တစ်ဦး၏ တက်ကြွသောအားမာန်ကို တင်ပြပါလို့ မေးရင် ကဗျာပါအကြောင်းအရာကို ဖြေရမှာဖြစ်တယ်။ အကြောင်းအရာကိုဖြေရင် ကဗျာပါစာသားကို အရင်ဖော်ပြပြီးမှ ဒီအဖွဲ့အရ အနုပညာသည်တစ်ဦး၏ အားမာန်ကိုတွေ့နိုင်ကြောင်း ဝေဖန်သုံးသပ် ရေးရမှာဖြစ်တယ်။

"ဆောင်းရတုပွဲ" ကဗျာမှာ ဆောင်းရာသီအချမ်းလွန်ကဲပုံသရုပ်ကို မည်သို့ရေးဖွဲ့ထားသနည်း လို့မေးရင် ကဗျာအရေးအဖွဲ့ကို ဖြေဆိုရမှာဖြစ်တယ်။ အရေးအဖွဲ့ကိုဖြေမယ်ဆိုရင် ဆောင်းရာသီ အချမ်းလွန်ကဲပုံကို သရုပ်ပေါ်အောင် ဘယ်လိုစကားလုံးတွေနဲ့၊ ကဗျာအဖွဲ့တွေနဲ့ သရုပ်ဖော်ထားတယ်ဆိုတာ ဖြေဆိုရမှာမို့ ဆောင်းရာသီအချမ်းလွန်ကဲပုံကို စကားပြေနဲ့အရင်ရေးပြီးမှ ကဗျာစာသားဖော်ပြပြီး ဒီအဖွဲ့တွေနဲ့ သရုပ်ဖော်ရေးဖွဲ့ထားပါတယ်လို့ ဖြေရမှာဖြစ်တယ်။ အဲဒီလိုမျိုးဖြေဆိုမှသာ ဖြေဆိုပုံစနစ်ကျပြီး ဦးတည်ချက်မှန်ကန်မှာ ဖြစ်တယ်။ ဒါကြောင့် ကဗျာမေးခွန်းကို သေချာဖတ်ပါ။ အရေးအဖွဲ့ပိုင်းကို ဦးတည်မေးသလား၊ အကြောင်းအရာပိုင်းကို ဦးတည်မေးသလားဆိုတဲ့ မေးခွန်းသဘောကိုသိမှ မှန်ကန်တဲ့အဖြေ၊ ဂုဏ်ထူးရနိုင်တဲ့အဖြေမျိုး ဖြစ်မှာပါ။ အမေးနဲ့အဖြေလွဲနေရင်တော့ အောင်မှတ်ရမှာမဟုတ်ပါဘူး။

မေးခွန်း(၄)ကိုတော့ ပင်ရင်းမြန်မာစကားပြေလက်ရွေးစင်ထဲကမေးပါမယ်။ မေးခွန်း(၄)မှာ ပိုဒ်ခွဲ(က)နဲ့ (ခ)ဆိုပြီး နှစ်ပိုင်းပါဝင်ပါတယ်။ ပိုဒ်ခွဲ(က)က ခမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပါတယ်။ ဒီနေရာမှာလည်း စကားပြေတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ စာရေးသူအကြောင်း၊ စကားပြေအကြောင်း၊ အဲဒီစကားပြေရေးတဲ့ခေတ်၊ ထုတ်နုတ်တဲ့ စကားပြေစာအုပ်အမည် စတဲ့စကားပြေဆိုင်ရာအချက်အလက်တွေကို လေ့လာကျက်မှတ်ထားရပါမယ်။ တိတိကျကျ ဖြေဆိုဖို့လည်း လိုအပ်ပါတယ်။

သာဓကပြရမယ်ဆိုရင် မိဖုရားဖွားစော၏ နောက်ဆုံးရလိုသောဆုမှာ "နိဗ္ဗာန်" ဆုဖြစ်ကြောင်း၊ စီးချင်းတိုက်ပွဲ စကားပြေကို မွန်ဘာသာမှမြန်မာဘာသာသို့ ပြန်ဆိုကြောင်း၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် "ရွှေတောင်ဆရာလွမ်း" ကလောင်အမည်ဖြင့် ပြဇာတ်များရေးခဲ့ကြောင်း စတဲ့မေးခွန်းတိုအတွက် ဒီအဖြေများဟာ အမှတ်ပြည့်ရတာမို့ လေ့လာကျက်မှတ်ထားကြပါ။ ခမ္မဓိဋ္ဌာန်ဆိုတာ အဖြေတိကျမှ အမှတ်ရတဲ့မေးခွန်းမျိုးဖြစ်တယ် ဆိုတာကိုလည်း သတိပြုရပါမယ်။

မေးခွန်း(၄) ပိုဒ်ခွဲ(ခ)မှာတော့ ရှင်းလင်းဆွေးနွေးရတဲ့ စကားပြေမေးခွန်း ဖြစ်ပါတယ်။ စကားပြေတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသားနဲ့ သုတရသသင်ခန်းစာတွေကို လေ့လာရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း ကဗျာမေးခွန်းတုန်းကလိုပဲ မေးခွန်းရဲ့ဦးတည်ချက်ကို ခွဲခွဲခြားခြားသိဖို့ လိုအပ်ပါတယ်။ မေးထားတဲ့မေးခွန်းဟာ အကြောင်းအရာကိုဦးတည်မေးတာလား၊ အရေးအဖွဲ့ ကိုဦးတည်မေးတာလား အဲဒါတွေကို ကွဲကွဲပြားပြားနားလည်ရန် လိုအပ်ပါတယ်။ သာဓကအနေနဲ့ မေးခွန်း(၂)ခုကို တင်ပြလိုပါတယ်။ ပထမ မေးခွန်းက

"မြန်မာမှုမှသိမှတ်ဖွယ်ရာများကိုဖော်ထုတ်တင်ပြပါ" ဆိုတဲ့ မေးခွန်းကတော့ အကြောင်းအရာပိုင်းကို ထုတ်နုတ်တင်ပြရမယ့် မေးခွန်းဖြစ်ပါတယ်။ "အင်းဝနေပြည်တော်၏ဂုဏ်ရည်ကိုမည်သို့တင်ပြထားသနည်း" ဆိုတဲ့မေးခွန်းဟာ အရေးအသားပိုင်းကို ဦးတည်ဖြေရမယ့် မေးခွန်းဖြစ်ပါတယ်။ အထူးဂရုစိုက်ရမယ့် အချက်ကတော့ မေးခွန်းနဲ့အံဝင်တဲ့အဖြေ ဖြစ်ဖို့လိုအပ်ပါတယ်။

မေးခွန်း(၅)ကတော့ ရေသည်ပြဇာတ်မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း ပိုဒ်ခွဲ(က)နဲ့ (ခ)ဆိုပြီးတော့ ၂-ပုဒ် မေးထားပါတယ်။ ပိုဒ်ခွဲ(က)မှာ စကားစပ်မေးပါတယ်။ စကားစပ်ကိုဖြေတဲ့အခါမှာတော့ ပေးထားတဲ့ စာပိုဒ်ဟာ ဘယ်အခန်းကစကားဖြစ်တယ်။ ဘယ်သူက ဘယ်သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ ဘာအကြောင်းနဲ့စပ်ပြီး ဘယ်လိုပြောတယ်ဆိုတာကို မှန်မှန်ကန်ကန်ပြည့်ပြည့်စုံစုံ ရေးနိုင်ရပါမယ်။ ဒီမေးခွန်းကိုဖြေနိုင်ဖို့အတွက် ပြဇာတ်ကိုကြေညက်နေအောင် လေ့လာထားရပါမယ်။

စကားစပ်ကိုဖြေတဲ့နေရာမှာ သိထားရမယ့် အချက်တွေကတော့ မည်သည့်အခန်းကဆိုတာကို ဖော်ပြတဲ့ အခါ မှာ အခန်း(၁) အခန်း(၂)စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် ရေသည်ယောကျ်ား စကားဆိုခန်း၊ ရေသည်မိန်းမစကား ဆိုခန်း၊ ရေသည်ယောကျ်ား ရေရောင်းထွက်သောအခန်း စသည်ဖြင့် အခန်းရဲ့အမည်ကိုလည်း ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် အခန်း(၅) အိမ်ရှေ့မင်း နောင်တရခန်း စသည်ဖြင့် အခန်းအမှတ်ရော အခန်းအမည်ရော နှစ်မျိုးလုံးတွဲပြီးတော့လည်း ဖော်ပြလို့ရပါတယ်။

စကားစပ်မှာနောက်ထပ်သတိပြုရမယ့်အချက်တွေကတော့တစ်ကိုယ်တည်းစကားတွေကိုဖြေဆိုတဲ့အခါမှာ ဘယ်သူက ဘယ်သူ့ကိုဆိုတာကိုရှာဖွေနေစရာ၊ ပြောစရာမလိုပါဘူး။ မိမိတစ်ကိုယ်တည်း ပြောသော စကားဖြစ်သည်လို့ဖြေရင် လုံလောက်ပါတယ်။ အချိန်ကိုလည်း နံနက်အချိန်၊ မွန်းတည့်ချိန် စသည်ဖြင့်ဖော်ပြနိုင်သလို

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

ကိုးနဝင်းကပ်ကျော် စေတီ ဗုဒ္ဓပူဇနိယပွဲ သံဃဒါန ဆွမ်းတော်ကြီးလောင်းလှူ

စဉ့်ကူး ဇန်နဝါရီ ၂၅

စဉ့်ကူးမြို့ ရွှေဝဲရပ်စေတီလှူမှုရေးအသင်းကကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကိုးနဝင်းကပ်ကျော်စေတီမြတ်စွာဘုရား (၇၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် သံဃဒါန ဆွမ်းတော်ကြီး လောင်းလှူပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက်၉နာရီက အဆိုပါဘုရား ဓမ္မာရုံ၌ ကျင်းပသည်။ (ဝဲပုံ)

အခမ်းအနားတွင် မြသပိတ်တော်ကို အလှူရှင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမောင်လူနှင့် ဇနီးဒေါ်နန်းစန်းလှိုင် မိသားစုတို့က ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ဝတ်အသင်းသူ အသင်းသားများ၊ ရပ်မိရပ်ဖများက မြို့တွင်းသို့ လှည့်လည်အကြည်ညိုခံရာ ရပ်ကွက်များမှ ကုသိုလ်ရှင်များက နဝကမ္မအလှူငွေများ လောင်းလှူကြသည့် မြသပိတ်တော်ကို စေတီမြတ်စွာဘုရားထံဆက်ကပ်လှူဒါန်းကြပြီး သံဃာတော်များအား အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

လောင်းလှူ

ထို့နောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဝန်ထမ်းမိသားစု၊ဘုရားဂေါပကအဖွဲ့နှင့် ကုသိုလ်ရှင်အလှူရှင်တို့က ပင့်သံဃာ အပါး ၁၈၀ ကျော်တို့အား သံဃဒါန ဆွမ်းဆန်တော်နှင့် နဝကမ္မ လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

(မြို့နယ် ပြန်/ဆက်)

သာယာဝတီမြို့ လိပ်အင်းအရှေ့စုကျေးရွာတွင် တစ်လက်မခွဲ လက်နှိပ်တုံကင်တူးဖော်ပြီးစီးမှုကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ဇန်နဝါရီ ၁၈ရက်က ကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်လွင်ဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပစ္ဆိမာရုံစာသင်တိုက် သာမဏေကျော်စာဖြေကျောင်းဆောင်နှင့် ဘုန်းတော်ကြီးသင်ကျောင်း အခင်းအတွက် ငွေလှူဒါန်း

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံစာသင်တိုက်အတွင်း၌ ဆောက်လုပ်လျက်ရှိသော သာမဏေကျော်စာဖြေကျောင်းဆောင်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း အပေါ်ထပ်အခင်းတည်ဆောက်ရေးအတွက် မတည်အလှူငွေကျပ် သိန်း ၂၀ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၃၀ရက် ညနေ ၄နာရီက ပစ္ဆိမာရုံစာသင်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပစ္ဆိမာရုံစာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဘဒ္ဒန္တစိန္တိတာလင်္ကာရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) က ဩဝါဒကထာ မိန့်ကြားတော်မူပြီး မတည်အလှူရှင် မော်လမြိုင်ကျွန်းမြို့နေ ဦးကြီးရှိန်-ဒေါ်ကျင်အေး(သိန်းညီနောင်ကုန်စုံဆိုင်)မိသားစုတို့က မတည်အလှူငွေကျပ်သိန်း ၂၀ကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တစိန္တိတာလင်္ကာရရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့က လက်ခံယူသည်။ **(အပေါ်ပုံ)**

လှူဒါန်းမှု

အဆိုပါ မတည်အလှူရှင် ဦးကြီးရှိန်-ဒေါ်ကျင်အေး (သိန်းညီနောင်ကုန်စုံဆိုင်) မိသားစုများက ပစ္ဆိမာရုံစာသင်တိုက်သို့ လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် ၇၂သိန်း ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။ (၁၄၂)

မြို့နယ်သတင်းများ

သံဃဘောသဇ္ဇဝိဟာရ အထူးကုသံဃာ့ဆေးရုံ ဘက်စုံမွမ်းမံပြင်ဆင်ရန် အလှူငွေပေးအပ်

နေပြည်တော်ပျဉ်းမနား ဇန်နဝါရီ ၂၆

နေပြည်တော်ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်ရှိသံဃဘောသဇ္ဇဝိဟာရ အထူးကုသံဃာ့ဆေးရုံကြီး ဘက်စုံမွမ်းမံပြင်ဆင်ရန်အတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ရက် မွန်းလွဲ ၂နာရီက အဆိုပါဆေးရုံကြီး၌ ကျင်းပရာ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဦးစီးနာယက ဆရာတော်အဘိဓဇမဟာ ရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရအမှူးပြုသော ဩဝါဒါဆရာတော်ကြီးများ ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ သံဃဘောသဇ္ဇဝိဟာရ အုပ်ချုပ်ရေးအဖွဲ့မှ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အလှူရှင်မိသားစုများ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြပြီး အလှူရှင်၃ဦးတို့က လေအေးပေးစက်ငါးလုံး၊ အောက်ဆီဂျင်ဘူးတစ်ဘူး၊ တိုက်သုတ်ဆေး လေးဘူးနှင့် အလှူငွေကျပ် ၅၂၃၆၇၀၀ တို့ကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့အား ပေးအပ်လှူဒါန်းကြသည်။ အဆိုပါဆေးရုံကြီး ဘက်စုံမွမ်းမံပြင်ဆင်ရေးအတွက် အလှူငွေထည့်ဝင်လှူဒါန်းလိုပါက ဖုန်း၀၆၇-၂၁၁၃၄၊ ၂၁၄၈၉၊ ၂၃၁၁၃နှင့် ၂၁၀၄၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၉၃)

မီးသတိပြု

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် အုတ်တွင်း-လက်စွပ်ကျကျေးရွာ မြေသားလမ်းဖောက် ဆောင်ရွက်မှုလုပ်ငန်းကို ဒီဇင်ဘာ၂၃ရက်က အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးအောင်လေးနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (၁၁၆)

ကျေးလက်များ လျှပ်စစ်မီးလင်းရေး စပါးခွံလောင်စာသုံး ဇီဝဓာတ်ငွေ့မီးစက်ဖွင့်

ဖြူး ဇန်နဝါရီ ၃၀

ပဲခူးတိုင်း ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုးနှင့် အဖွဲ့တို့၏ ကြီးကြပ်မှုတို့ဖြင့် ကျေးလက်များလျှပ်စစ်မီးလင်းရေး အစီအစဉ်အရ စပါးခွံလောင်စာသုံး ဇီဝဓာတ်ငွေ့ လျှပ်စစ်မီးစက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ရက် နံနက်၁၀နာရီက ဘန်းလောင်ကျေးရွာအုပ်စုကျောက်စောင်းကျေးရွာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့်မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

သက်သာ

အဆိုပါ စပါးခွံလောင်စာသုံးအဆင့်မြင့် ဇီဝဓာတ်ငွေ့ လျှပ်စစ်မီးစက်ကို ဦးအောင်ဝင်း-ဒေါ်လှလှဝင်း၊နတ်မြင့်ပျံ ဇီဝဓာတ်ငွေ့လျှပ်စစ်မီးစက်ထုတ်လုပ်ရေးလုပ်ငန်း အမှတ် ၄၇၁၊ ၂၃လမ်း ဘူတာ တောင်ရပ်ကွက် ဖြူးမြို့က အဖွဲ့အစည်းများနှင့် ကျေးလက်များသို့ အထူးဈေးနှုန်းဖြင့် သက်သာစွာ ထုတ်လုပ် ဖြန့်ချိပေးလျက်ရှိကြောင်း သိရသည်။ **(၂၈၄)**

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ဒီဇင်ဘာ၂၆ရက်က မြစ်ကြီးနားမြို့ အေးမြသာယာရပ်ကွက် လမ်းသွယ် (၁၀)ပေါ်ရှိ ကျေးလက်တံတားပြုပြင်ရန် ကွင်းဆင်းကြည့်ရှုရာ မြို့နယ်တာဝန်ခံအရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ပြုပြင်ဆောင်ရွက်မည့် အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ်စည်ပင်)

ပဲခူးတိုင်း (အနောက်ပိုင်း) ဝန်ထမ်းများ လုပ်ငန်းဆိုင်ရာ ရက်တိုသင်တန်းများပို့ချ

ပြည် ဇန်နဝါရီ ၂၀

တရားရုံးအဆင့်ဆင့်တွင် တရားစီရင်ရေးလုပ်ငန်းနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများတွင် အထောက်အကူပြုနေကြသော စာရေးဝန်ထမ်းများ လုပ်ငန်းတာဝန်ကျွမ်းကျင် နိုင်နင်းစွာ ထမ်းဆောင်နိုင်ကြစေရန်နှင့် စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးရေး စီမံချက်အရ တိုင်းအတွင်းရှိ စာရေးဝန်ထမ်းများအား တရားရုံးလုပ်ငန်းဆိုင်ရာ ရက်တိုသင်တန်းများကို ဇန်နဝါရီ၅ရက်မှ ဖေဖော်ဝါရီ၁၀ရက်အထိ အပတ်စဉ်ရုံးပိတ်ရက်များတွင် သင်တန်းပို့ချလျက်ရှိသည်။

သင်တန်းအမှတ်စဉ် (၂/၂၀၀၈)ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ရက် နံနက်၉နာရီက ပြည်မြို့ အလက (၃) ကျောင်းခန်းမ၌ ကျင်းပရာ တိုင်းတရားသူကြီး ဦးမောင်မောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းမှူး ပြည်ခရိုင်တရားသူကြီး ဦးသက်စိုးအောင်နှင့်သာယာဝတီခရိုင် တရားသူကြီးဒေါ်တင်မြတို့က သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အဆိုပါသင်တန်းများသို့ ပဲခူးတိုင်း (အနောက်ပိုင်း)အတွင်းရှိ တရားရုံးအသီးသီးမှ စာရေးဝန်ထမ်း ၁၁၃ဦး တက်ရောက်ခဲ့ကြသည်။ **(က-ပ)**

ကျွန်းလှမြို့၌ ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်

ကျွန်းလှ ဇန်နဝါရီ ၃၀

ကျွန်းလှမြို့နယ် ၂၀၀၆-၂၀၀၇ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက် နံနက်က အခြေခံပညာအလယ်တန်းကျောင်း သစ်ရာမြိုင်ရပ်ကွက်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်မြင့်မြင့်ခိုင်နှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မကွေးတိုင်း မင်းလှမြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင် အရာရှိ ဦးကျော်သူနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးနေမျိုးတို့ ဒီဇင်ဘာ ၂၁ရက်က မြို့မဈေး အရန်မီးသတ်၊ မြို့နယ်မီးသတ် ဦးစီးဌာနတို့ ပူးပေါင်းပြီး မီးဘေးကြိုတင် ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်မြို့၌ ယာဉ်/လမ်းစည်းကမ်းပညာပေးဟောပြော

ပုသိမ် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနက ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၆ရက်က အဆိုပါခန်းမဆောင်၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် စီမံကိန်းဦးစီးအရာရှိ ဒေါ်ရီရီက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး တိုင်းပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးဂျွန်ရပ်(စ်)သောင်း**(အပေါ်ပုံ)** ကုန်းလမ်းသယ်ယူပို့ဆောင်ရေးနှင့်ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ တိုင်းယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတိယတာဝန်ခံ ရဲအုပ်ဝင်းနိုင်၊ မထသဥက္ကဋ္ဌ ဦးစိုးကြိုင်တို့က ဧရာဝတီတိုင်းအတွင်း ယာဉ်တိုက်မှုကင်းရှင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာရေးကဏ္ဍစုံ ပညာပေးဟောပြောကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နှစ်ထပ်ရေယာဉ်များဥက္ကဋ္ဌ ဦးတင်ထွန်း၊ စက်လှေများအသင်းဥက္ကဋ္ဌ ဦးတင်ရွှေ၊ မထသအတွင်းရေးမှူး ဦးခင်မောင်ရင် အမှူးပြုသော ရေယာဉ်ပိုင်ရှင်များ၊ မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ စုံညီစွာတက်ရောက်ကြသည်။ **(က-ပ)**

အမှတ် ၂၇၇ ဗိုလ်ရွဲလမ်း ၂(ခ)ရပ်ကွက် မင်္ဂလာဒုံမြို့နယ်နေ ဦးတင်အေး-ဒေါ်စန်းရီမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဘညာဏ် လက်ခံယူစဉ်။ (က-ပ)

ဇေယျဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅) မေလမ်း၊ သစ်ဆိမ့်ကုန်းရပ် မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာ ပဓာနနာယက ဇေယျဝတီဆရာတော် ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ B.A)သည် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ရွာသာရွာ ရွာသာကျောင်းတိုက်အတွင်း တပို့တွဲလဆန်း၁၄ရက်မှ တပို့တွဲလပြည့်ကျော်၈ရက်(ဖေဖော်ဝါရီ၂၀ရက်မှ ၂၉ရက်)အထိ ကျင်းပမည့်၁၀ရက်တရားစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။

လှူဒါန်းနိုင်

ဆရာတော်၏ကျောင်းတိုက်အတွင်း သုံးထပ်ဓမ္မာရုံတော်ကြီးတည်ဆောက်မည်ဖြစ်ရာ ဖုန်း-၀၉-၅၁-၃၇၀၈၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမှတ်(၈၁) ၂၇လမ်း ပြည်ကြီးမျက်မှန် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့နေ အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ ဒေါ်စိန်စိန်ရီ မိသားစုက မဟာစည်ဓမ္မဗိမာန်တော်ကြီးအတွက် ငွေကျပ်ငါးသိန်းလှူဒါန်းရာ မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် နာယက ဦးတင်ဝမ်၊ ဥက္ကဋ္ဌ ဦးဝင်းထိန်နှင့် တွဲဖက်အတွင်းရေးမှူး ဦးဖုန်းမြင့်တို့ လက်ခံယူစဉ်။ (က-ပ)

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၆၇/၀၇

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ဦးထွန်းကြည်
မိတ္ထီလာမြို့။
တရားနိုင် **တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ်-၇၈တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ ခုနှစ် မတ် ၇ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ပြည်သာယာ(တောင်)ရပ်ကွက်ရှိ အကွက်အမှတ် (ဃ/ပြည်သာယာ တောင်)၊ ဦးပိုင်အမှတ် ၁၂၀၊ မြေကွက်အမှတ် ၁၂၀၊ မြေချိန်ဇရိယာ ဝ၁၁သမ ဝ၄၂ ဧကရှိ ဂရန်မြေနှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂၇ x ၂၇)ပေရှိ တစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၄၀။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များ အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ပေးလိုက်သည်။

ခင်စန်းမြင့်
ဒုတိယခရိုင်တရားသူကြီး(၂)
မိတ္ထီလာခရိုင်တရားရုံး။

သစ်အချောထည်နှင့် ခေတ်မီ FURNITURE လုပ်ငန်းသုံး

စက်ကိရိယာနှင့် Band Saw များ

ရောင်းရန်ရှိသည်။

လုပ်ငန်းလိုင်စင်ပါသည်။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

အမြန်ဆက်သွယ်ရန်ဖုန်း-၀၉-၅၀-၁၈၇၁၆။

အမည်ပြောင်း

ဖျာပုံမြို့ အမာမြို့နယ် ဒေါ်ညိမ်းကျေးရွာ အထကခွဲကျောင်း နဝမတန်းမှ ဦးစောထွန်း၏သမီး မမိုးဇာခြည်ထွန်းအား မပြည့်ပြည့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မပြည့်ပြည့်ကျော်။**

မိဘအမည်မှန်

မြိတ်မြို့ အထက(၁)နဝမတန်း အတွဲ(၁)Hမှမောင်အောင်ဦး၏မိဘအမည်မှန်မှာ ဦးညွန့်ရွှေနှင့် ဒေါ်ထိန်ကြည် ဖြစ်ပါကြောင်း။

ဦးညွန့်ရွှေ ၆/ကစန(နိုင်)၀၁၇၀၁၆၊
ဒေါ်ထိန်ကြည် ၆/ဘပန(နိုင်)၀၁၂၅၄၉။

ဖခင်အမည်မှန်

တောင်ငူမြို့ အလက(၃) သတ္တမတန်း(က)မှ မမျိုးသီရိဆွေနှင့် အမက(မူလွန်)လဲဘူး ပဥ္စမတန်းမှ မောင်ဇေသူရမျိုးတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်း ၇/တငန(နိုင်)၀၇၉၅၇၉ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပသ/၆၆၉၆ Honda Dream C 100MPယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက်နိုင် ၁၄/အဂပ(နိုင်)၁၄၆၀၉၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟင်္သာတ)။

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင် အစည်းအဝေးကျင်းပ ကော်မရှင်အဖွဲ့ဝင်များက ရေးဆွဲတင်ပြသော အခြေခံဥပဒေမူကြမ်းများအပေါ် ဆွေးနွေးအကြံပြု

နေပြည်တော် ဖေဖော်ဝါရီ ၄

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်အစည်းအဝေး(၀၁/၂၀၀၈)ကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ စာမျက်နှာ ၃ ကော်လံ ၃ ■

သဘာပတိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင် အစည်းအဝေး(၀၁/၂၀၀၈) တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူတို့၏ကျန်းမာရေးကို ထိရောက်စွာအကျိုးပြုစေသည့် ပြည်တွင်း၊ ပြည်ပ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ နှီးနှောဖလှယ်ပွဲ

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ ● ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၄

ကမ္ဘာ့နိုင်ငံအသီးသီး၌ ကျန်းမာရေးဆိုင်ရာ ကုသမှုပညာရပ်များ တိုးတက်နေလျက်ရှိရာ မြန်မာနိုင်ငံ၌လည်း ကျန်းမာရေးဆိုင်ရာ ကုသမှုနည်းပညာများ အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ ထိုသို့ဖော်ဆောင်ရာတွင် ပြည်တွင်း၌ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများနှင့် သုတေသနပြုမှုများ ပြုလုပ်လျက်ရှိသကဲ့သို့ ပြည်ပမှဆရာဝန်များ၊ ကျန်းမာရေးပညာရှင်များနှင့်တွေ့ဆုံကာ အလုပ်ရုံဆွေးနွေးပွဲများ လက်တွေ့ခွဲစိတ်ကုသမှုများကို အကောင်အထည်ဖော်လျက်ရှိသည်။ စာမျက်နှာ ၁၂ ကော်လံ ၁ ✻

၂၀၀၆ ခုနှစ်အတွက် အကယ်ဒမီရွှေစင်ရုပ်ဆုချီးမြှင့်ပွဲ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၆ ခုနှစ်အတွက် အကယ်ဒမီရွှေစင်ရုပ်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ ယင်းနေ့ညနေ ၆ နာရီမှစတင်၍ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

အပြောနဲ့လက်တွေ့ အမှားနဲ့အမှန် ဝေဖန်သင့်ပြီ

နိုင်ငံရေးဆိုတာ တိုင်းပြည်နဲ့ ပြည်သူ အကျိုးကိုသာ ရှေးရှုပြည်သူတွေရဲ့ဘဝ ကုံလုံပြည့်ဝပြီး အေးချမ်းအောင် သာလုပ်၊ မိမိလုပ်နိုင်ရင်လုပ်၊ မလုပ်နိုင်သေးရင် ဘယ်သူလုပ်လုပ် လုပ်နေတဲ့သူကို အသိအမှတ်ပြု၊ ပူးပေါင်းလုပ်ဆောင်၊ ဝိုင်းဝန်းကူညီ၊ ဒါပါပဲ။

တိုက်ကြားမင်းခေါင်၏ ဆောင်းပါး စာ-၁၀